မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၆ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၄**
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် )

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီအား အထောက်အကူပြုနိုင်ရန်နှင့် အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(၁) **ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဇ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စျ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ည) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

(၂) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်ရေးအတွက် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးရန်။

(ဂ) ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ ချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်။

(၃) **ဒီဇိုင်းနည်းပညာဆပ်ကော်မတီ**

(က) ဒေါက်တာလှမြင့် — အဖွဲ့ခေါင်းဆောင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ခ) ဒေါ်ပြုံးပြုံးခိုင် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး
ပုံထုတ်ခန့်မှန်းသုတေသနဦးစီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ဂ) ဦးဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) ဦးစောဝင်းမောင် — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(င) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(စ) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဗိသုကာပညာရှင်

(ဆ) ဒေါက်တာခင်ဝင်းသက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ကုသရေး)
ကျန်းမာရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူး (ဘွဲ့ကြို) — အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန

(၄) ဒီဇိုင်းနည်းပညာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောက်အဦများ၏ လက်ရှိအခြေအနေကို လေ့လာသုံးသပ်ရန်။

(ခ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သက်တမ်းကြာမြင့်နေသော အန္တရာယ်ရှိအဆောက်အဦများအား ချက်ချင်းအလျင်အမြန် ပြုပြင်မွမ်းမံနိုင်ရေးအတွက် စိစစ်ရွေးချယ်သတ်မှတ်ရန်။

(ဂ) အလျင်အမြန်ပြုပြင်မွမ်းမံနိုင်မည့် နည်းပညာဆိုင်ရာအသေးစိတ်အချက်အလက်များအား အဆိုပြုတင်ပြရန်။

(ဃ) အန္တရာယ်ရှိအဆောက်အဦများ ပြုပြင်မွမ်းမံရာတွင် ကုန်ကျစရိတ်အား ခန့်မှန်းတွက်ချက်တင်ပြရန်။

(င) ရန်ကုန်ပြည်သူ့ဆေးရုံကြီးတစ်ခုလုံးအတွက် Master Plan ရေးဆွဲတင်ပြရန်။

(၅) **တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုဆပ်ကော်မတီ**

(က) ဒေါက်တာမြင့်သိန်း — အဖွဲ့ခေါင်းဆောင်
ဝန်ကြီး
လူမှုရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဦးသန့်ဇင် — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(ဂ) ဒေါက်တာလှမြင့် — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ဃ) ဦးရဲမြင့် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး (ရေသန့်)
ရေသန့်ဦးစီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(င) ဦးကြည်လှိုင်ဝင်း — အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး (လျှပ်စစ်)
လျှပ်စစ်ဦးစီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(စ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဆ) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဗိသုကာပညာရှင်

(ဇ) ဒေါ်ခင်စုရီ — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာမှူးကြီး
အင်ဂျင်နီယာမှူးကြီးရုံး
ရန်ကုန်တိုင်းဒေသကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ဦးဇော်မင်းဦး — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(၆) တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြုပြင်မွမ်းမံရာတွင် အဆောက်အဦအရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီမှုရှိစေရန် အတွက် ကြီးကြပ်ဆောင်ရွက်ရန်။

(ခ) တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်ချက်များကို အခြား ဆပ်ကော်မတီများနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီသို့ တင်ပြရန်။

(၇) **ပြုပြင်ဆဲကာလစီမံခန့်ခွဲရေးဆပ်ကော်မတီ**

(က) ဒေါက်တာမင်းသန်းညွန့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန

(ခ) ဒေါက်တာသန်းဇော်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဆေးသိပ္ပံပညာဦးစီးဌာန

(ဂ) ဒေါက်တာသက်ခိုင်ဝင်း — အဖွဲ့ဝင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဃ) ဒေါက်တာလှမြင့် — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(င) ဒေါက်တာဇော်လင်းအောင် — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ဆေးပညာ)
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(စ) ဒေါက်တာထွန်းဦး — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ခွဲစိတ်)
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဆ) လူနာဆောင် တာဝန်ခံဆရာဝန်ကြီးများ — အဖွဲ့ဝင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(၈) ပြုပြင်ဆဲကာလစီမံခန့်ခွဲရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လူနာများ ပြောင်းရွှေ့နေရာချထားရာတွင် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်း၊ စီစဉ်၊ ကြီးကြပ်ဆောင်ရွက်ရန်။

(ခ) ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(ဂ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံဆဲကာလအတွင်း အထွေထွေစီမံခန့်ခွဲရေးကိစ္စရပ်များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရန်။

(၉) **ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

(က) ဒုတိယဝန်ကြီး — အဖွဲ့ခေါင်းဆောင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးမြင့်အောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးစာရင်းစစ်ချုပ်
ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

(ဂ) ဒေါက်တာမင်းသန်းညွန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန

(ဃ) ဒေါက်တာလှမြင့် — အဖွဲ့ဝင်
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(င) ဦးဝင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျန်းမာရေးဦးစီးဌာန

(စ) ဒေါ်သက်သက်မော် — အဖွဲ့ဝင်
ဌာနခွဲမှူး (အုပ်ချုပ်ရေး)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(၁၀) ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရာတွင် နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန်။

(ခ) ပြည်တွင်း/ပြည်ပစေတနာရှင်အဖွဲ့အစည်းများ၏ အလှူငွေများအား စနစ်တကျလက်ခံ/သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်" ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၄) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက် )

**ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က)**

## ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

၁၃၇၅ ခုနှစ်၊           လ   ရက်

( ၂၀၁၄ ခုနှစ်၊         လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက် )

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က)**

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၆ ခုနှစ်၊　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။　ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ဃ) အား ပုဒ်မခွဲ (င) အဖြစ် ပြောင်းလဲပြင်ဆင်ရမည်။

၃။　ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ဃ) တွင် အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ)　ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက် )

**အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (က)**

**အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

အငြင်းပွားမှုပြဿနာများအား အနုညာတနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အားပေးရန်လည်းကောင်း၊ အငြင်းပွားမှုပြဿနာများကို မျှတစွာနှင့် ထိရောက်စွာဖြေရှင်းနိုင်ရန်လည်းကောင်း၊ နိုင်ငံတကာကူးသန်းရောင်းဝယ်ရာမှ ပေါ်ပေါက်လာသော အငြင်းပွားမှုပြဿနာများကို အနုညာတနည်းဖြင့် ဖြေရှင်းနိုင်ရန်လည်းကောင်း၊ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အတည်ပြုဆောင်ရွက်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁။**

**အခန်း (၁)**

**အမည်၊ ဥပဒေနှင့်သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာနေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖြစ်သည့်အခါ အပိုင်း (၁) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရမည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အခြားနိုင်ငံတစ်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံများအကြား တည်ဆဲသဘောတူညီချက်တွင် အခြားနည်း

ပြဋ္ဌာန်းထားသည်မှတစ်ပါး ဤဥပဒေသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းများ၊ အနုညာတစီရင်ဆုံးဖြတ်မှုများအားလုံးနှင့် သက်ဆိုင်စေရမည်။

(င) တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်း မပြုနိုင်ကြောင်း ကန့်သတ်ထားပါက ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အဆိုပါဥပဒေကို ထိခိုက်ခြင်းမရှိစေရ။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **"အနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ အမြဲတမ်းခုံသမာဓိအဖွဲ့ဖြင့် စစ်ဆေးစီရင်သည်ဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းမပြုသည်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။

(ခ) **"အနုညာတသဘောတူညီချက်"** ဆိုသည်မှာ ပုဒ်မ ၇ တွင် ဖော်ပြထားသော သဘောတူညီချက်ကို ဆိုသည်။

(ဂ) **"အနုညာတဆုံးဖြတ်ချက်"** ဆိုသည်မှာ အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို ဆိုသည့်အပြင် ကြားဖြတ်ဆုံးဖြတ်ချက်လည်း ပါဝင်သည်။

(ဃ) **"အနုညာတခုံရုံး"** ဆိုသည်မှာ တစ်ဦးတည်းသောခုံသမာဓိ သို့မဟုတ် ခုံသမာဓိအဖွဲ့ကို ဆိုသည်။

(င) **"တရားရုံး"** ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်မှုတွင် အငြင်းပွားသည့် အကြောင်းခြင်းရာသည် တရားမမှုတွင် အငြင်းပွားသည့် အမှုဖြစ်အကြောင်းခြင်းရာနှင့် တူညီလျှင် အဆိုပါအငြင်းပွားသည့် အကြောင်းခြင်းရာပါပြဿနာကို တရားမမူလစီရင်ပိုင်ခွင့်အာဏာအရ စီရင်ပိုင်ခွင့်ရှိသော ခရိုင်တရားရုံး သို့မဟုတ် တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။

(စ) **"နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ အနုညာတစီရင်ဆုံးဖြတ်ရာတွင် -

(၁) အနုညာတသဘောတူညီချက်ကို ပြုလုပ်စဉ်အခါက ထိုသဘောတူစာချုပ်တွင် ပါဝင်သူများ၏ စီးပွားရေးလုပ်ငန်းများသည် မတူညီသောနိုင်ငံများ၌ တည်ရှိလျှင်၊ သို့မဟုတ်

(၂) အောက်ဖော်ပြပါနေရာများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းတည်ရှိရာနိုင်ငံ၏ ပြင်ပတွင် တည်ရှိလျှင် -

(ကက) အနုညာတသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အနုညာတသဘောတူညီချက်နှင့် ကိုက်ညီသော အနုညာတစီရင်ဆုံးဖြတ်ခြင်းပြုလုပ်မည့်နေရာ၊

(ခခ) ကူးသန်းရောင်းဝယ်ဆက်ဆံမှုပြုရာတွင် လုပ်ငန်းတာဝန်များထဲမှ အဓိကတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်နေရာ သို့မဟုတ် အငြင်းပွားသည့် အကြောင်းခြင်းရာနှင့် နီးကပ်စွာဆက်စပ်နေသည့်နေရာ၊ သို့မဟုတ်

(၃) အနုညာတသဘောတူညီချက်တွင် ပါဝင်သူများက အနုညာတသဘောတူညီချက်ပါ အကြောင်းအရာသည် တစ်နိုင်ငံထက်ပိုသောနိုင်ငံများနှင့် ဆက်စပ်နေကြောင်း အတိအလင်း သဘောတူညီကြလျှင် နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းဟု ခေါ်တွင်စေရမည်။

**ရှင်းလင်းချက်**

(၁) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်းတည်နေရာ တစ်ခုထက်ပို၍ရှိနေလျှင်၊ အနုညာတသဘောတူညီချက်ပြုလုပ်သည့်နေရာနှင့် အနီးကပ်ဆုံးဆက်စပ်သည့်နေရာသည် ၎င်း၏ စီးပွားရေးလုပ်ငန်းတည်နေရာဖြစ်သည်။

(၂) အငြင်းပွားသူတစ်ဦးတွင် စီးပွားရေးလုပ်ငန်းတည်နေရာ မရှိပါက ၎င်းအမြဲနေထိုင်ရာနေရာသည် ၎င်း၏ စီးပွားရေးလုပ်ငန်းတည်နေရာဖြစ်သည်။

(ဆ) **"နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်း"** ဆိုသည်မှာ ပဋိညာဉ်ရှိသည်ဖြစ်စေ၊ ပဋိညာဉ်မရှိသည်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ကူးသန်းရောင်းဝယ်မှုဟု မှတ်ယူနိုင်သော တရားဝင်ဆက်ဆံမှုများမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများဆိုင်ရာ နိုင်ငံတကာအနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆိုသည်။

(ဇ) **"တရားဝင်ကိုယ်စားလှယ်"** ဆိုသည်မှာ ကွယ်လွန်သူ၏ ပစ္စည်းများအတွက် ဥပဒေနှင့်အညီ ပါဝင်လာသူကို ဆိုသည်။ ထိုစကားရပ်တွင် ကွယ်လွန်သူ၏ပစ္စည်းကို ဝင်ရောက်စွက်ဖက်သူ ပါဝင်သည့်အပြင်၊ အငြင်းပွားသူတစ်ဦးက ကိုယ်စားပြုဆောင်ရွက်သည့်အခါ ယင်းအငြင်းပွားသူ ကွယ်လွန်လျှင် ပစ္စည်းကို ဆက်ခံရရှိမည့်သူလည်း ပါဝင်သည်။

(စျ) **"အငြင်းပွားသူ"** ဆိုသည်မှာ အနုညာတသဘောတူညီချက်တွင် သဘောတူပါဝင်သူကို ဆိုသည်။

## အခန်း (၂)
## ယေဘုယျပြဋ္ဌာန်းချက်များ

၃။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် -

(၁) အကြောင်းကြားစာကို လိပ်စာရှင်ကိုယ်တိုင်ထံသို့ဖြစ်စေ၊ ၎င်း၏စီးပွားရေးလုပ်ငန်းတည်နေရာ၊ ၎င်းအမြဲနေထိုင်ရာနေရာ သို့မဟုတ် ၎င်း၏စာတိုက်လိပ်စာတည်နေရာသို့ဖြစ်စေ ပေးပို့လျှင် စာဖြင့် အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) သင့်လျော်သောစုံစမ်းမှုကို ပြုလုပ်ပြီးနောက် ပုဒ်မခွဲငယ် (၁) ပါ နေရာများထဲမှ နေရာတစ်ခုကိုမျှ ရှာဖွေမတွေ့ရှိနိုင်လျှင်၊ မှတ်ပုံတင်စာဖြင့် သို့မဟုတ် ပေးပို့ကြောင်း အထောက်အထား မှတ်တမ်းဖြစ်စေမည့် အခြားနည်းလမ်းဖြင့် နောက်ဆုံးသိရှိရသော လိပ်စာရှင်၏ စီးပွားရေးလုပ်ငန်းတည်နေရာသို့ဖြစ်စေ၊ အမြဲနေထိုင်ရာနေရာသို့ဖြစ်စေ၊ စာတိုက်လိပ်စာတည်နေရာသို့ဖြစ်စေ ပေးပို့ပါက စာဖြင့် အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ထိုသို့ပေးပို့သည့်နေ့တွင် စာဖြင့် အကြောင်းကြားမှုကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မသည် တရားရုံးရှိမှုခင်းများနှင့်စပ်လျဉ်းသော စာဖြင့် အကြောင်းကြားမှုများနှင့် မသက်ဆိုင်စေရ။

၄။ အငြင်းပွားသူတစ်ဦးသည် -

(က) အငြင်းပွားသူများက လျှော့ပေါ့နိုင်သော ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်၊ သို့မဟုတ်

(ခ) အနုညာတသဘောတူညီချက်အရ ဆောင်ရွက်ရန် လိုအပ်သည့် အချက်တစ်ရပ်ရပ်ကို

လိုက်နာဆောင်ရွက်ခြင်း မရှိသေးကြောင်း သိရှိလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကန့်ကွက်ရမည် သို့မဟုတ် ကန့်ကွက်ရန် စည်းကမ်းသတ်ကာလကို သတ်မှတ်ထားလျှင် ထိုကာလအတွင်း ကန့်ကွက်ရမည်။ ၎င်း၏ ကန့်ကွက်ချက်ကို ဖော်ပြခြင်းမပြုဘဲ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင် ထိုသို့ ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရ ဆောင်ရွက်ရမည့် အကြောင်းကိစ္စများတွင် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး မည်သည့်တရားရုံးကမျှ ကြားဝင်ဆောင်ရွက်ခြင်း မရှိစေရ။

၆။ အငြင်းပွားသူများသည် သို့မဟုတ် အငြင်းပွားသူများ၏ သဘောတူခွင့်ပြုချက်အရ အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လွယ်ကူစေရန် သင့်လျော်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံမှ စီမံခန့်ခွဲရေးဆိုင်ရာအကူအညီ ရရှိအောင် စီစဉ်ဆောင်ရွက်နိုင်သည်။

## အခန်း (၃)

## အနုညာတသဘောတူညီချက်

၇။ (က) **"အနုညာတသဘောတူညီချက်"** ဆိုသည်မှာ ပဋိညာဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သတ်မှတ်ထားသည့် တရားဝင်ဆက်ဆံမှုနှင့်စပ်လျဉ်း၍ အငြင်းပွားသူများအကြား ပေါ်ပေါက်လာသော သို့မဟုတ် ပေါ်ပေါက်လာမည့် အငြင်းပွားမှုများအားလုံး သို့မဟုတ် အချို့ကို အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် အငြင်းပွားသူများ၏ သဘောတူညီချက်ကို ဆိုသည်။

(ခ) အနုညာတသဘောတူညီချက်ကို ပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်ပုံစံနှင့်ဖြစ်စေ၊ သီးခြားသဘောတူညီချက်ပုံစံနှင့်ဖြစ်စေ ဖော်ပြနိုင်သည်။

(ဂ) အနုညာတသဘောတူညီချက်တစ်ရပ်ကို စာဖြင့် ရေးသားရမည်။

(ဃ) အနုညာတသဘောတူညီချက်တစ်ရပ်သည် အငြင်းပွားသူများက လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားတွင် ပါရှိလျှင် ထိုအနုညာတသဘောတူညီချက်သည် စာဖြင့် ရေးသားထားခြင်း ဖြစ်သည်။

(င) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ချက်ပါ သတင်းအချက်အလက်ကို နောက်ဆက်တွဲအကိုးအကားအဖြစ် အသုံးပြုနိုင်လျှင် အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်သော အနုညာတသဘောတူညီချက်သည် စာဖြင့် ရေးသားထားခြင်းဖြစ်သည်။

**ရှင်းလင်းချက်။**

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ချက်ဆိုသည်မှာ အငြင်းပွားသူများက အီလက်ထရောနစ်အချက်အလက်သတင်းလွှာဖြင့် ပြုလုပ်သော ဆက်သွယ်ဆောင်ရွက်ချက်ကို ဆိုသည်။ အီလက်ထရောနစ်အချက်အလက်သတင်းလွှာဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (electronic data interchange) EDI၊ ဖက်စ်၊ အီးမေးလ်၊ ကြေးနန်း၊ တဲလက်စ်နှင့် တယ်လီကော်ပီတို့ ပါဝင်သည့်အပြင် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အလားတူအခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကို ဆိုသည်။

(စ) တောင်းဆိုလွှာနှင့် ချေပလွှာတွင် အငြင်းပွားသူတစ်ဦးက အနုညာတသဘောတူညီချက်ရှိကြောင်း အဆိုပြု၍ တစ်ဖက်အငြင်းပွားသူက ငြင်းဆိုခြင်းမရှိသော အပြန်အလှန်ဖော်ပြချက်များပါရှိလျှင် ထိုအနုညာတသဘောတူညီချက်သည် စာဖြင့် ရေးသားထားခြင်းဖြစ်သည်။

(ဆ) ပဋိညာဉ်တွင် အနုညာတသဘောတူညီမှုစာပိုဒ်ပါသည့် စာရွက်စာတမ်းတစ်ခုကို ရည်ညွှန်းဖော်ပြထားရာ၌ ထိုပဋိညာဉ်ကို စာဖြင့် ရေးသားထားပြီး၊ အနုညာတသဘောတူညီမှုစာပိုဒ်ကို ပဋိညာဉ်၏အစိတ်အပိုင်းဖြစ်စေရန် ရည်ရွယ်၍ ဖော်ပြထားခြင်းဖြစ်လျှင် ထိုဖော်ပြချက်သည် အနုညာတသဘောတူညီချက် ဖြစ်လာသည်။

၈။ (က) အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ၊ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့်

စပ်လျဉ်း၍ ပထမအကြိမ် ရေးသားဖော်ပြချက်တင်သွင်းသည့်အချိန်ထက် နောက်မကျစေဘဲ အနုညာတစီရင်ဆုံးဖြတ်စေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက အနုညာတသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း မတွေ့ရှိလျှင် အငြင်းပွားသူများအား အနုညာတစီရင်ဆုံးဖြတ်မှုခံယူစေရန် လွှဲအပ်ရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) တွင် ဖော်ပြသော လျှောက်လွှာတွင် အနုညာတသဘောတူညီချက်မူရင်းနှင့် နည်းလမ်းတကျကူးယူထားသော တာဝန်ခံမိတ္တူမှန် ပူးတွဲပါရှိခြင်းမရှိလျှင် ထိုလျှောက်လွှာကို လက်ခံဆောင်ရွက်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားပြီးနောက်၊ အငြင်းပွားပြဿနာမှာ တရားရုံးတွင် မပြီးမပြတ်ရှိနေစေကာမူ၊ အနုညာတစီရင်ဆုံးဖြတ်မှုကို စတင်ဆောင်ရွက်နိုင်သည် သို့မဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

၉။ (က) အငြင်းပွားသူတစ်ဦးသည် အနုညာတစီရင်ဆုံးဖြတ်မှုမစတင်မီ သို့မဟုတ် ဆောင်ရွက်နေစဉ်အတွင်း၊ သို့မဟုတ် အနုညာတဆုံးဖြတ်ချက် ချမှတ်ပြီး အတည်မပြုမီအထိ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြားဖြတ်ဆောင်ရွက်မှုများပြုလုပ်ပေးရန် တရားရုံးသို့ လျှောက်ထားလျှင် တရားရုံးသည် မိမိရုံးရှိအမှုကဲ့သို့ အမိန့်ချမှတ်ခွင့်အာဏာရှိစေရမည် -

(၁) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၂) အငြင်းပွားသည့်ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၃) အငြင်းပွားသည့်ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၄) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၅) အငြင်းပွားသည့်ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၆) ယာယီတားဝရမ်းထုတ်ခြင်း သို့မဟုတ် ပစ္စည်းထိန်းခန့်ထားခြင်း၊

(၇) တရားရုံးက တရားမျှတစွာနှင့် လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း ပေါ်ပေါက်သည့် အခြားကြားဖြတ်ဆောင်ရွက်ခြင်းများ။

(ခ) အနုညာတစီရင်ဆုံးဖြတ်မှုအသီးသီးတွင် အနုညာတခုံရုံးက လုပ်ပိုင်ခွင့်မရှိမှသာ သို့မဟုတ် ထိရောက်စွာဆောင်ရွက်နိုင်စွမ်းမရှိမှသာ တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခွင့်ရှိသည်။

(ဂ) အငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်အာဏာရှိသော အနုညာတခုံရုံးက တရားရုံး၏ ပုဒ်မခွဲ (က) အရ ချမှတ်ထားသောအမိန့်နှင့် ထင်ထင်ရှားရှားဆက်စပ်နေသောအမိန့်ကို ချမှတ်လိုက်သည့်အခါ တရားရုံး၏ အမိန့်တစ်ရပ်လုံး သို့မဟုတ် အမိန့်၏အစိတ်အပိုင်းသည် ရပ်စဲစေရမည်။

(ဃ) အနုညာတစီရင်ဆုံးဖြတ်မှုမစတင်မီ သို့မဟုတ် ဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူတစ်ဦးက အနုညာတစီရင်ဆုံးဖြတ်မှုတွင် အရွယ်မရောက်သေးသူ သို့မဟုတ် စိတ်မကျန်းမာသူအတွက် အုပ်ထိန်းသူခန့်ထားပေးရန် တရားရုံးသို့ လျှောက်ထားလျှင် တရားရုံးက ခန့်ထားသည့်အမိန့် ချမှတ်နိုင်သည်။

## အခန်း (၄)
## အနုညာတခုံရုံး ဖွဲ့စည်းခြင်း

၁၀။ (က) အငြင်းပွားသူများသည် ခုံသမာဓိဦးရေကို လွတ်လပ်စွာသတ်မှတ်နိုင်သည်။ သို့ရာတွင် ခုံသမာဓိဦးရေမှာ စုံဂဏန်းမဖြစ်စေရ။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြသည့်အတိုင်း သတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးကို ခုံသမာဓိသုံးဦးဖြင့် ဖွဲ့စည်းရမည်။

၁၁။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် မည်သည့်နိုင်ငံသားမဆို ခုံသမာဓိအဖြစ် ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦး သို့မဟုတ် ခုံသမာဓိများကို ခန့်ထားရန်နည်းလမ်းအား လွတ်လပ်စွာသဘောတူသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိသုံးဦးပါဝင်သော အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ -

(၁) အငြင်းပွားသူတစ်ဦးစီက ခုံသမာဓိတစ်ဦးစီ ခန့်ထားရမည်။ ထိုသို့ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် တတိယခုံသမာဓိတစ်ဦးကို ခန့်ထားရမည်။ တတိယခုံသမာဓိသည် ကြီးကြပ်သူခုံသမာဓိအဖြစ် ဆောင်ရွက်ရမည်။

(၂) အငြင်းပွားသူတစ်ဦးသည် တစ်ဖက်အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်ခြင်းမရှိလျှင် သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးသည် ၎င်းတို့ ခန့်ထားခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တတိယခုံသမာဓိကို ခန့်ထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးက လျှောက်ထားတောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ ခုံသမာဓိခန့်ထားခြင်းကို ပြုလုပ်ရမည်။

(ဃ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် တစ်ဦးတည်းသော ခုံသမာဓိဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၌ အငြင်းပွားသူများသည် တစ်ဖက်ဖက်သော အငြင်းပွားသူထံမှ ခုံသမာဓိခန့်ထားရန် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တစ်ဦးတည်းသောခုံသမာဓိကို ခန့်ထားနိုင်ခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးက လျှောက်ထားတောင်းဆိုပါက တရားသူကြီးချုပ်ကဖြစ်စေ၊ ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ တစ်ဦးတည်းသော ခုံသမာဓိခန့်ထားခြင်းကို ပြုလုပ်ရမည်။

(င) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် ခုံသမာဓိခန့်ထားရန် နည်းလမ်းအရ ဆောင်ရွက်ရာတွင် -

(၁) အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရန် အငြင်းပွားသူတစ်ဦးက ပျက်ကွက်ပါက၊ သို့မဟုတ်

(၂) အဆိုပါနည်းလမ်းအရ ဆောင်ရွက်ရာတွင် မျှော်မှန်းထားသည့်အတိုင်း အငြင်းပွားသူများ သို့မဟုတ် ခန့်ထားခံရသော ခုံသမာဓိနှစ်ဦးက သဘောတူညီမှုမရရှိပါက၊ သို့မဟုတ်

(၃) အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ရန် ယုံမှတ်အပ်နှံခံရသော တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ရန် ပျက်ကွက်ပါက ခုံသမာဓိ

ခန့်ထားရန်နည်းလမ်းနှင့်စပ်လျဉ်းသည့် သဘောတူညီချက်တွင် ခန့်ထားရန် အခြား နည်းလမ်းကိုလည်း ဖော်ပြထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ပေးရန် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ် ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(စ) တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သည် ခုံသမာဓိခန့်ထားရာတွင် အောက်ပါအချက်များကို အလေးထားစဉ်းစားရမည် -

(၁) အမှုသည်များ၏ သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ခုံသမာဓိတစ်ဦးတွင် ရှိရမည့် အရည်အချင်းများ၊

(၂) လွတ်လပ်၍ ဘက်မလိုက်သော ခုံသမာဓိတစ်ဦးဖြစ်ကြောင်း သေချာစေရန် ထည့်သွင်း စဉ်းစားရမည့် အချက်များ။

(ဆ) တရားသူကြီးချုပ်သည် ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ ၎င်းထံ အပ်နှင်းထားသော ကိစ္စရပ် များနှင့်စပ်လျဉ်း၍ သင့်လျော်သည့်အစီအမံ ပြုလုပ်နိုင်သည်။

(ဇ) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် တစ်ဦးတည်း သော ခုံသမာဓိ သို့မဟုတ် တတိယခုံသမာဓိတစ်ဦး ခန့်ထားရာ၌ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အငြင်းပွား သူများမှာ မတူညီသောနိုင်ငံများမှ နိုင်ငံသားများဖြစ်နေလျှင် အငြင်းပွားသူများ၏ နိုင်ငံသား များမှအပ အခြားနိုင်ငံ၏ နိုင်ငံသားကို ခုံသမာဓိအဖြစ် ခန့်ထားနိုင်သည်။

(ဈ) ပုဒ်မခွဲ (ဂ)၊ (ဃ) သို့မဟုတ် (င) အရ အပ်နှင်းထားသော ကိစ္စရပ်များအပေါ် တရားသူကြီးချုပ် သို့မဟုတ် ၎င်းက ရွေးချယ်သတ်မှတ်ပေးသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ချမှတ်သည့် ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်သည်။

(ည) (၁) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဈ) တို့၌ ဖော်ပြထားသောကိစ္စရပ်များ ပေါ်ပေါက်လျှင် အဆိုပါပုဒ်မခွဲများ၌ ဖော်ပြထားသော တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

(၂) အခြားအနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဈ) တို့၌ ဖော်ပြထားသော ကိစ္စရပ်များ ပေါ်ပေါက်လျှင် အဆိုပါပုဒ်မခွဲများ၌ ဖော်ပြ ထားသော တရားသူကြီးချုပ်ဆိုသည်မှာ ပုဒ်မ ၂ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသောခရိုင် တရားရုံး တည်ရှိရာဒေသရှိ တရားလွှတ်တော်၏ တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။ ပုဒ်မ ၂ ပုဒ်မခွဲ (င) တွင် ဖော်ပြထားသော တရားရုံးသည် တရားလွှတ်တော်ဖြစ်လျှင် အဆိုပါတရားလွှတ်တော်၏ တရားသူကြီးချုပ်ကို ရည်ညွှန်းသည်။

၁၂။ (က) မိမိအား ခုံသမာဓိအဖြစ် ခန့်ထားရန် ဆက်သွယ်ခံရသည့်ပုဂ္ဂိုလ်သည် မိမိ၏ လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်စွာ သံသယများဖြစ်ပေါ်စေနိုင်သည့် အခြေအနေများကို စာဖြင့်ရေးသား၍ ထုတ်ဖော်ပြောဆိုရမည်။

(ခ) သံသယများ ဖြစ်ပေါ်စေနိုင်သည့်အခြေအနေများကို အငြင်းပွားသူများအား အသိပေး အကြောင်းမကြားရသေးလျှင် ခုံသမာဓိတစ်ဦးသည် ခန့်ထားခံရသည့်အချိန်မှစ၍ အနုညာတ

စီရင်ဆုံးဖြတ်မှုဆောင်ရွက်နေစဉ်အတောအတွင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိုကဲ့သို့သော အခြေအနေများရှိကြောင်း အငြင်းပွားသူများအား ထုတ်ဖော်ပြောဆိုရမည်။

(ဂ) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦးကို ကန့်ကွက်နိုင်သည် -

(၁) ၎င်း၏လွတ်လပ်မှု၊ ဘက်မလိုက်မှုတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်စွာ သံသယများဖြစ်ပေါ်စေနိုင်သည့် အခြေအနေများရှိခြင်း၊

(၂) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် အရည်အချင်းများ ၎င်း၌ မရှိခြင်း။

(ဃ) အငြင်းပွားသူတစ်ဦးသည် မိမိ ခန့်ထားသည့် ခုံသမာဓိ သို့မဟုတ် ခန့်ထားရာတွင် မိမိ ပါဝင်ဆောင်ရွက်ခဲ့သည့် ခုံသမာဓိကို ထိုသို့ခန့်ထားပြီးနောက်မှ သိရှိလာသော အကြောင်းပြချက်များအတွက်သာ ကန့်ကွက်နိုင်သည်။

၁၃။ (က) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အငြင်းပွားသူများသည် ခုံသမာဓိတစ်ဦးအား ကန့်ကွက်ရန်နည်းလမ်းကို လွတ်လပ်စွာသဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်လိုသော အငြင်းပွားသူသည် ကန့်ကွက်မှုအတွက် အကြောင်းပြချက်များကို စာဖြင့်ရေးသား၍ အနုညာတခုံရုံးဖွဲ့စည်းသည်ကို သိရှိပြီး သို့မဟုတ် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော အခြေအနေများကို သိရှိပြီး ၁၅ ရက်အတွင်း အနုညာတခုံရုံးသို့ ပေးပို့ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကန့်ကွက်ခံရသော ခုံသမာဓိက ရာထူးမှနုတ်ထွက်ခြင်းမရှိလျှင် သို့မဟုတ် တစ်ဖက်အငြင်းပွားသူက ကန့်ကွက်ချက်ကို သဘောတူညီခြင်းမရှိလျှင် အနုညာတခုံရုံးသည် ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ရမည်။

(ဃ) အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသော နည်းလမ်းအရ ကန့်ကွက်ခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအရ ကန့်ကွက်ခြင်းမအောင်မြင်လျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်သည့်အခါ ထိုချမှတ်သော အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ခုံသမာဓိခန့်ထားခြင်းကို ကန့်ကွက်ခဲ့သော အငြင်းပွားသူသည် ပုဒ်မ ၃၄ နှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ လျှောက်ထားမှုကြောင့် အနုညာတစီရင်ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ကန့်ကွက်ခံရသော ခုံသမာဓိအနေဖြင့် အခကြေးငွေတစ်စုံတစ်ရာ ရထိုက်ခွင့် ရှိ မရှိကို တရားရုံးက ဆုံးဖြတ်ပေးနိုင်သည်။

၁၄။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ခုံသမာဓိတစ်ဦး၏ လုပ်ပိုင်ခွင့်သည် ရပ်စဲစေရမည် -

(၁) ၎င်း၏လုပ်ငန်းတာဝန်များကို တရားဝင် သို့မဟုတ် အမှန်တကယ်ဆောင်ရွက်နိုင်စွမ်းမရှိခြင်း သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ၎င်း၏လုပ်ငန်းတာဝန်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(၂) ၎င်း၏ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် အငြင်းပွားသူများက ၎င်း၏လုပ်ပိုင်ခွင့်များကို ရပ်စဲရန် သဘောတူညီကြခြင်း။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေလျှင် အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန်ကိစ္စအပေါ် ဆုံးဖြတ်ပေးရန် အငြင်းပွားသူတစ်ဦးက တရားရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(ဂ) ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) အရ ခုံသမာဓိတစ်ဦးသည် ရာထူးမှနုတ်ထွက်လျှင် သို့မဟုတ် ခုံသမာဓိ၏ လုပ်ပိုင်ခွင့်ကို ရပ်စဲရန် အငြင်းပွားသူတစ်ဦးက သဘောတူလျှင် ထိုသို့ နုတ်ထွက်သည် သို့မဟုတ် ရပ်စဲသည်ဆိုသည့်အချက်ကြောင့် ဤပုဒ်မ သို့မဟုတ် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဂ) ၌ ရည်ညွှန်းသောအကြောင်းပြချက်များ တရားဝင်ကြောင်း လက်ခံရာရောက်သည်ဟု မမှတ်ယူရ။

၁၅။ (က) ပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အခြေအနေများအရဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ခုံသမာဓိက ရာထူးမှနုတ်ထွက်သောကြောင့်ဖြစ်စေ၊ အငြင်းပွားသူများ၏ သဘောတူညီချက်အရ ခုံသမာဓိ၏လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းသောကြောင့်ဖြစ်စေ၊ ခုံသမာဓိ၏ လုပ်ပိုင်ခွင့် ရပ်စဲစေသည့် အခြားအခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ခုံသမာဓိ၏လုပ်ပိုင်ခွင့် ရပ်စဲသွားလျှင် ထိုခုံသမာဓိကို ခန့်အပ်စဉ်က နည်းလမ်းအတိုင်း ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခုံသမာဓိအသစ်တစ်ဦးကို အစားထိုးခန့်ထားသည့်အခါ အငြင်းပွားသူများက အခြားနည်းသဘောတူထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိ၏ဆင်ခြင်ဆုံးဖြတ်ချက်အရ ယခင်စစ်ဆေးကြားနာမှုကို ပြန်လည်စစ်ဆေးကြားနာလိုက ပြန်လည်စစ်ဆေးကြားနာနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိပါက ဤပုဒ်မအရ ခုံသမာဓိအသစ်တစ်ဦး အစားထိုးခန့်ထားခြင်းမပြုမီက ချမှတ်ခဲ့သော အနုညာတခုံရုံး၏ အမိန့်နှင့် ဆုံးဖြတ်ချက်သည် အနုညာတခုံရုံးကို ပြောင်းလဲဖွဲ့စည်းသည်ဆိုသည့် အကြောင်းကြောင့် တရားမဝင်မဖြစ်စေရ။

## အခန်း (၅)
## အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်

၁၆။ (က) အနုညာတခုံရုံးသည် အနုညာတသဘောတူညီချက်တစ်ရပ် တည်ရှိမှုနှင့် တရားဝင်မှုအပေါ် ကန့်ကွက်ချက်များ အပါအဝင် မိမိခုံရုံး၏ စီရင်ပိုင်ခွင့် ရှိ မရှိကို ဆုံးဖြတ်နိုင်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် -

(၁) ပဋိညာဉ်ပါ ခုံသမာဓိသဘောတူညီမှုစာပိုဒ်ကို ပဋိညာဉ်ပါ အခြားစည်းကမ်းချက်များမှ သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် ယူဆရမည်၊ ထို့ပြင်

(၂) ပဋိညာဉ်မှာ ပျက်ပြယ်ကြောင်း အနုညာတခုံရုံးက ဆုံးဖြတ်လိုက်သည့်အတွက်ကြောင့် ထိုပဋိညာဉ်ပါ အနုညာတသဘောတူညီမှုစာပိုဒ်မှာ ပျက်ပြယ်သွားခြင်းမရှိစေရ။

(ခ) အနုညာတခုံရုံး၌ စီရင်ပိုင်ခွင့်မရှိကြောင်း လျှောက်ထားချက်ကို ချေပလွှာတင်သွင်းသည့်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားတင်ပြရမည်။ သို့ရာတွင် အငြင်းပွားသူက ခုံသမာဓိကို ခန့်ထားခဲ့သည် သို့မဟုတ် ခုံသမာဓိခန့်ထားရာတွင် ပါဝင်ခဲ့သည်ဆိုသည့် အကြောင်းကြောင့် ထိုအငြင်းပွားသူအား လျှောက်ထားချက်တင်သွင်းခွင့်မရှိကြောင်း ငြင်းပယ်ခြင်း မပြုရ။

(ဂ) အနုညာတခုံရုံးသည် ၎င်း၏အခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း လျှောက်ထားချက်ကို အနုညာတစီရင်ဆုံးဖြတ်မှုဆောင်ရွက်နေစဉ်အတွင်း အခွင့်အာဏာကို ကျော်လွန်လုပ်ကိုင်ကြောင်း စွပ်စွဲသည့်အကြောင်းအရာ ပေါ်ပေါက်လျှင် ပေါ်ပေါက်ချင်း ဆောလျင်စွာ လျှောက်ထားတင်ပြရမည်။

(ဃ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားတင်ပြမှုများတွင် နောက်ကျမှ တင်သွင်းသော လျှောက်ထားချက်ကို သင့်လျော်မျှတသောအကြောင်းများရှိသည်ဟု ယူဆပါက လက်ခံဆောင်ရွက်နိုင်သည်။

(င) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်များအပေါ် ဆုံးဖြတ်ပေးရမည်။ စီရင်ပိုင်ခွင့်ရှိကြောင်း အနုညာတခုံရုံးက ဆုံးဖြတ်လျှင် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရမည့်အပြင် အနုညာတဆုံးဖြတ်ချက်ကိုလည်း ချမှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ ချမှတ်သော အနုညာတဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာသော အငြင်းပွားသူသည် ထိုအနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် ပုဒ်မ ၃၄ နှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

၁၇။ (က) ဤဥပဒေတွင် ဖော်ပြထားသော အခြားပြဋ္ဌာန်းချက်များပါ အာဏာများကို မထိခိုက်စေဘဲ အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များအတွက် အမိန့်နှင့်ညွှန်ကြားချက်များ ချမှတ်ခွင့်ရှိသည် -

(၁) ကုန်ကျစရိတ်အတွက် အာမခံငွေ တောင်းခံခြင်း၊

(၂) စာရွက်စာတမ်းများကို ထုတ်ဖော်ပြသစေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း၊

(၃) သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်ပြစေခြင်း၊

(၄) အငြင်းပွားသည့်ပစ္စည်းတစ်ခုခုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယာယီထိန်းသိမ်းခြင်း သို့မဟုတ် ရောင်းချခြင်း၊

(၅) အငြင်းပွားသည့် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ နမူနာရယူခြင်း၊ ကြည့်ရှုလေ့လာခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်မှုပြုလုပ်ခြင်း၊

(၆) သက်သေခံတစ်ရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယာယီထိန်းသိမ်းထားခြင်း၊

(၇) အငြင်းပွားသည့် ငွေပမာဏအတွက် အာမခံငွေတောင်းခံခြင်း၊

(၈) ယာယီတားဝရမ်းထုတ်ခြင်း သို့မဟုတ် အခြားကြားဖြတ်ဆောင်ရွက်မှုများ ပြုခြင်း။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများနှင့် သက်သေများအား ကျမ်းသစ္စာကျိန်ဆိုစေနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးက သင့်သည်ထင်မြင်သည့် သက်သေစစ်မေးခြင်းအစီအစဉ်ကို သတ်မှတ်နိုင်သည်။

(ဃ) အနုညာတခုံရုံးသည် အောက်ပါအကြောင်းမျှဖြင့် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ကုန်ကျစရိတ်အတွက် အာမခံငွေကို လျှောက်ထားသူက ပေးစေရန် အမိန့်ချမှတ်ခြင်းမပြုရ -

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်သူဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်း သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း။

(င) အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ချမှတ်သော အနုညာတခုံရုံး၏ အမိန့်နှင့် ညွှန်ကြားချက်များသည် တရားရုံးက ချမှတ်သော အမိန့်များဖြစ်ဘိသကဲ့သို့ တရားရုံး၏ ခွင့်ပြုချက်ဖြင့် အတည်ပြုဆောင်ရွက်နိုင်သည်။

## အခန်း (၆)

## အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်ခြင်း

၁၈။ အငြင်းပွားသူများကို ညီတူညီမျှဆက်ဆံရမည့်အပြင် ၎င်းတို့၏အမှုကို တင်ပြရန် အခွင့်အရေး အပြည့်အဝပေးရမည်။

၁၉။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အငြင်းပွားသူများသည် အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းကို လွတ်လပ်စွာ သဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်နိုင်သည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) အရ အနုညာတစီရင်ဆုံးဖြတ်မှုကို ဆောင်ရွက်ရာတွင် သက်သေခံချက်တစ်ရပ်၏ သက်သေခံဝင်မှု၊ စပ်ဆိုင်မှု၊ အရေးပါမှုနှင့် အလေးသာမှုတို့ကို ဆုံးဖြတ်နိုင်သည့်အာဏာ ရှိသည်။

၂၀။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်ရာဒေသကို လွတ်လပ်စွာသဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတို့အတွက် အဆင်ပြေမှု အပါအဝင် အမှု၏အခြေအနေအရပ်ရပ်ကို အလေးဂရုပြုလျက် အနုညာတစီရင်ဆုံးဖြတ်ရာဒေသကို သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် မည်သို့ပင် ပါရှိစေကာမူ အငြင်းပွားသူများက အခြားနည်း သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် ခုံသမာဓိများအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန်၊ သက်သေများ၊ ကျွမ်းကျင်သူများနှင့် အငြင်းပွားသူများကို စစ်ဆေးကြားနာနိုင်ရန် သို့မဟုတ် စာရွက်စာတမ်းများ၊ ကုန်ပစ္စည်းများ သို့မဟုတ် အခြားပစ္စည်းများကို စစ်ဆေးနိုင်ရန် သင့်လျော်ရာဒေသတစ်ခုခုတွင် တွေ့ဆုံဆောင်ရွက်နိုင်သည်။

၂၁။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားမှုတစ်မှုနှင့်စပ်လျဉ်းသည့် အနုညာတစီရင်ဆုံးဖြတ်မှုသည် ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ရန်အတွက် လွှဲအပ်ရန် တောင်းဆိုချက်အား တောင်းဆိုခြင်းခံရသူက လက်ခံရရှိသည့်နေ့မှ စတင်သည်။

၂၂။ (က) အငြင်းပွားသူများသည် အနုညာတစီရင်ဆုံးဖြတ်မှုတွင် အသုံးပြုမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို လွတ်လပ်စွာသဘောတူသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း သဘောတူသတ်မှတ်နိုင်ခြင်းမရှိလျှင် အနုညာတစီရင်ဆုံးဖြတ်မှုတွင် အသုံးပြုရမည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ သဘောတူညီချက် သို့မဟုတ် ပုဒ်မခွဲ (ခ) အရ သတ်မှတ်ချက်တွင် အခြားနည်း သတ်မှတ်ဖော်ပြထားခြင်းမရှိပါက ထိုသဘောတူညီချက်နှင့် သတ်မှတ်ချက်သည်

အငြင်းပွားသူတစ်ဦး၏ စာဖြင့် ရေးသားဖော်ပြချက်၊ အနုညာတခုံရုံး၏ စစ်ဆေးကြားနာချက်၊ အနုညာတဆုံးဖြတ်ချက်၊ ဆုံးဖြတ်ချက် သို့မဟုတ် စာဖြင့် အခြားဆက်သွယ်ဆောင်ရွက်ချက်တို့နှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အနုညာတခုံရုံးသည် စာတမ်းအမှတ်အသားသက်သေခံချက်တစ်ရပ်အား အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများဖြင့် ဘာသာပြန်ဆိုချက်ကို မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး၍ ပူးတွဲတင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

၂၃။ (က) တောင်းဆိုလွှာနှင့် ချေပလွှာတွင် ဖော်ပြပါရှိရမည့်အချက်များနှင့်စပ်လျဉ်း၍ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားပြီးမဟုတ်လျှင် အငြင်းပွားသူများက သဘောတူသတ်မှတ်ထားသည့် သို့မဟုတ် အနုညာတခုံရုံးက သတ်မှတ်ပေးထားသည့်ကာလအတွင်း တောင်းဆိုသူသည် ၎င်း၏တောင်းဆိုချက်အတွက် ထောက်ခံသော အချက်အလက်များ၊ အငြင်းပွားသည့်အချက်နှင့် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ကုစားခွင့်တို့ကိုလည်းကောင်း၊ တောင်းဆိုခံရသူသည် အဆိုပါအချက်များနှင့်ပတ်သက်၍ ၎င်း၏ခုခံချေပချက်တို့ကိုလည်းကောင်း ဖော်ပြရမည်။

(ခ) အငြင်းပွားသူများသည် ၎င်းတို့၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာတို့နှင့်အတူ စပ်ဆိုင်သည်ဟု ယူဆသော စာတမ်းအမှတ်အသားများအားလုံးကို တင်သွင်းနိုင်သည်။ သို့မဟုတ် ၎င်းတို့က တင်သွင်းမည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံချက်များအတွက် ရည်ညွှန်းဖော်ပြချက်ကို ပူးတွဲတင်သွင်းနိုင်သည်။

(ဂ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်း မရှိသည့်အပြင် အနုညာတခုံရုံးကလည်း အငြင်းပွားသူတို့၏ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် နှောင့်နှေးကြန့်ကြာမှုကို စဉ်းစားဆင်ခြင်ပြီး ပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်ကို ခွင့်ပြုရန်မသင့်ဟု ယူဆခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးဦးသည် ၎င်း၏တောင်းဆိုလွှာ သို့မဟုတ် ချေပလွှာကို အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း ပြင်ဆင်နိုင်သည် သို့မဟုတ် ဖြည့်စွက်နိုင်သည်။

၂၄။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် သက်သေခံချက်တင်သွင်းခြင်းနှင့် လျှောက်လဲတင်ပြခြင်းကို နှုတ်ဖြင့် စစ်ဆေးကြားနာမည် သို့မဟုတ် အနုညာတစစ်ဆေးစီရင်မှုတစ်ရပ်လုံးကို စာတမ်းအမှတ်အသားများနှင့် အခြားအထောက်အထားများအပေါ် အခြေပြု၍ ဆောင်ရွက်မည်ကို ဆုံးဖြတ်ရမည်။ သို့ရာတွင် အငြင်းပွားသူများက နှုတ်ဖြင့် စစ်ဆေးကြားနာမှုမပြုလုပ်ရန် သဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက အနုညာတစီရင်ဆုံးဖြတ်မှု၏ သင့်လျော်သည့်အဆင့်တွင် နှုတ်ဖြင့် စစ်ဆေးကြားနာမှုကို ဆောင်ရွက်နိုင်သည်။

(ခ) အနုညာတခုံရုံးသည် စစ်ဆေးကြားနာမည့်ကိစ္စနှင့် စာတမ်းအမှတ်အသားများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရန်အတွက် အနုညာတခုံရုံးက တွေ့ဆုံဆောင်ရွက်မည့်ကိစ္စတို့ကို အငြင်းပွားသူများအား လုံလောက်သောအချိန်ပေး၍ ကြိုတင်အကြောင်းကြားရမည်။

(ဂ) အနုညာတခုံရုံးသည် အငြင်းပွားသူတစ်ဦးက အနုညာတခုံရုံးသို့ တင်သွင်းသော စာဖြင့် ရေးသားတင်ပြချက်များ၊ စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသတင်းအချက်အလက်များ

သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားချက်များအားလုံးကို တစ်ဖက်အငြင်းပွားသူထံ ပေးပို့အကြောင်းကြားရမည်။

ထို့ပြင် အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားကိုးအားထားပြုသောကျွမ်းကျင်သူ၏ ထင်မြင်ချက် သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသားကို အငြင်းပွားသူများထံ ပေးပို့ အကြောင်းကြားရမည်။

၂၅။ အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိသည့်အပြင် လုံလောက်သောအကြောင်း ပြသနိုင်ခြင်းမရှိပါက -

(က) တောင်းဆိုသူက ၎င်း၏တောင်းဆိုလွှာကို ပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတစစ်ဆေးစီရင်မှုဆောင်ရွက်ခြင်းကို ရပ်စဲရမည်။

(ခ) တောင်းဆိုခံရသူက ၎င်း၏ခုခံချေပလွှာကို ပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့်အညီ ပေးပို့ရန် ပျက်ကွက် လျှင် အနုညာတခုံရုံးသည် အနုညာတစစ်ဆေးစီရင်မှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုပျက်ကွက်မှုသက်သက်သည် တောင်းဆိုသူ၏ စွပ်စွဲချက်ကို ဝန်ခံရာရောက်သည်ဟု မှတ်ယူခြင်း မပြုရ။

(ဂ) အငြင်းပွားသူတစ်ဦးသည် နှုတ်ဖြင့် စစ်ဆေးရာသို့ ရောက်ရှိရန် ပျက်ကွက်လျှင် သို့မဟုတ် စာတမ်း အမှတ်အသားသက်သေခံချက်ကို တင်သွင်းရန် ပျက်ကွက်လျှင် အနုညာတခုံရုံးသည် အနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ အနုညာတခုံရုံးရှေ့မှောက်ရှိ သက်သေခံချက် များအရ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

၂၆။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် -

(၁) အနုညာတခုံရုံးက ဆုံးဖြတ်ရန်ရှိသည့် သီးခြားအငြင်းပွားအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတခုံရုံးသို့ အစီရင်ခံတင်ပြစေရန် ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကျွမ်းကျင်သူများကို ခန့်ထားနိုင်သည်။

(၂) စပ်ဆိုင်သောသတင်းအချက်အလက်ကို ကျွမ်းကျင်သူအား ပေးစေရန် သို့မဟုတ် စပ်ဆိုင်သော စာတမ်းအမှတ်အသား၊ ကုန်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းကို ကျွမ်းကျင်သူက စစ်ဆေး နိုင်ရန်အတွက် ထုတ်ဖော်ပြသစေရန် သို့မဟုတ် ကြည့်ရှုခွင့်ပြုစေရန် အငြင်းပွားသူတစ်ဦး အား တောင်းဆိုနိုင်သည်။

(ခ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ကျွမ်းကျင်သူသည် နှုတ်ဖြင့် သို့မဟုတ် စာဖြင့် အစီရင်ခံတင်ပြပြီးနောက် အငြင်းပွားသူတစ်ဦးက တောင်းဆိုပါက သို့မဟုတ် အနုညာတခုံရုံးက လိုအပ်သည်ဟု ထင်မြင်ယူဆပါက နှုတ်ဖြင့် စစ်ဆေးကြားနာမှုတွင် ပါဝင် ဆောင်ရွက်ရမည်။ ထိုသို့စစ်ဆေးကြားနာရာတွင် အငြင်းပွားသူများသည် ကျွမ်းကျင်သူအား မေးခွန်းများ မေးမြန်းခွင့် ရရှိစေရမည့်အပြင် အငြင်းပွားသည့်အချက်များအပေါ် သက်သေ ခံရန် ကျွမ်းကျင်သူသက်သေကို တင်ပြခွင့်ရှိစေရမည်။

၂၇။ (က) အနုညာတခုံရုံးသည် သို့မဟုတ် အနုညာတခုံရုံး၏ သဘောတူညီချက်ဖြင့် အငြင်းပွားသူ တစ်ဦးသည် သက်သေခံချက်ရယူရာတွင် တရားရုံး၏ အကူအညီကို ရယူရန် တရားရုံးသို့ လျှောက်ထားတောင်းခံနိုင်သည်။

(ခ) ထိုသို့ လျှောက်ထားရာတွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) အမှုသည်များနှင့် ခုံသမာဓိများ၏ အမည်များ၊ နေရပ်လိပ်စာများ၊

(၂) တောင်းဆိုချက်နှင့် တောင်းဆိုသောသက်သာခွင့်၏ ယေဘုယျသဘောသဘာဝ၊

(၃) ပါဝင်ရမည့် သက်သေခံချက်၊ အထူးသဖြင့် -

(ကက) သက်သေအဖြစ် သို့မဟုတ် ကျွမ်းကျင်သူသက်သေအဖြစ် ကြားနာရမည့်သူ၏ အမည်၊ နေရပ်လိပ်စာ၊ ၎င်းအပြင် ရယူလိုသောသက်သေခံချက်၏ အဓိက အကြောင်းခြင်းရာဖော်ပြချက်၊

(ခခ) ထုတ်ဖော်ပြသရမည့် စာတမ်းအမှတ်အသား သို့မဟုတ် စစ်ဆေးခံရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်နှင့် အမျိုးအစား။

(ဂ) တရားရုံးသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိ၏ အခွင့်အာဏာအတွင်းမှ သက်သေခံချက် ရယူပြီး၊ ယင်းသက်သေခံချက်ကို အနုညာတခုံရုံးသို့ တိုက်ရိုက်ပေးပို့ကာ လျှောက်ထားတောင်းခံချက်ကို အတည်ပြုဆောင်ရွက်ပေးနိုင်သည်။

(ဃ) တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အတည်ပြုဆောင်ရွက်သည့်အခါ မိမိတရားရုံးက စစ်ဆေးသည့် အမှုများတွင် သက်သေများထံ အမိန့်ဆင့်စာ ထုတ်ဆင့်သကဲ့သို့ ထုတ်ဆင့်နိုင်သည်။

(င) ဤပုဒ်မပါ "အမိန့်ဆင့်စာ" ဆိုသည်တွင် သက်သေအား စစ်မေးရန် ဆင့်စာနှင့် ကော်မရှင်စာ၊ စာတမ်းအမှတ်အသားကို ထုတ်ဖော်ပြသစေရန် ဆင့်စာတို့လည်း ပါဝင်သည်။

## အခန်း (၇)

## အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်မှု ပြီးဆုံးခြင်း

၂၈။ (က) အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာနေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖြစ်သည့်အခါ -

(၁) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းမှတစ်ပါး အခြား အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသော အငြင်းပွားမှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ အရင်းခံ ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(၂) နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းတွင် -

(ကက) အနုညာတခုံရုံးသည် အငြင်းပွားမှုကို ဆုံးဖြတ်ရာတွင် အဓိကအငြင်းပွားမှုအတွက် လိုက်နာရန် အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

(ခခ) အငြင်းပွားသူများက ရွေးချယ်သတ်မှတ်ထားသော နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ သို့မဟုတ် ဥပဒေစနစ်သည် အခြားနည်း အတိအလင်းဖော်ပြထားခြင်းမရှိလျှင် ထိုနိုင်ငံ၏ အရင်းခံဥပဒေကို တိုက်ရိုက်ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနိုင်ငံ၏ ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မှုဆိုင်ရာနည်းဥပဒေများကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု မမှတ်ယူရ။

(ဂဂ) အငြင်းပွားသူများက ပုဒ်မခွဲငယ် (ကက) အရ ဥပဒေကို ရွေးချယ်သတ်မှတ် ထားခြင်းမရှိလျှင် အနုညာတခုံရုံးသည် မိမိခုံရုံးက လိုက်နာသင့်သည်ဟု ယူဆသော ဥပဒေကို လိုက်နာကျင့်သုံးနိုင်သည်။

(ခ) အနုညာတခုံရုံးသည် အငြင်းပွားသူများက အတိအလင်း အခွင့်အာဏာပေးအပ်ခြင်းခံရပါက သာနာညီမျှမှု၊ တရားမျှတမှု၊ စိတ်စေတနာကောင်းထားမှုတို့ဖြင့်ဖြစ်စေ၊ ညှိနှိုင်းဖျန်ဖြေသူ အနေနှင့်ဖြစ်စေ အငြင်းပွားမှုကို ဆုံးဖြတ်ပေးရမည်။

(ဂ) အငြင်းပွားမှုအားလုံးတွင် အနုညာတခုံရုံးသည် ပဋိညာဉ်ပါစည်းကမ်းချက်များနှင့်အညီ ဆုံးဖြတ်ပေးရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် အရောင်းအဝယ်ပြုလုပ်ရာ၌ လိုက်နာရသော ကုန်သွယ်မှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစားရမည်။

၂၉။ (က) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် ခုံသမာဓိတစ်ဦးထက် ပိုပါဝင်သော အနုညာတစီရင်ဆုံးဖြတ်မှုတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို အနုညာတ ခုံရုံး၏အဖွဲ့ဝင် ခုံသမာဓိများ၏ အများဆန္ဒဖြင့် ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ဖော်ပြပါရှိစေကာမူ၊ အငြင်းပွားသူများက သို့မဟုတ် အနုညာတ ခုံရုံး၏ အဖွဲ့ဝင်ခုံသမာဓိအားလုံးက အခွင့်အာဏာအပ်နှင်းလျှင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာကို ကြီးကြပ်သူခုံသမာဓိက ဆုံးဖြတ်ပေးနိုင်သည်။

၃၀။ (က) အကယ်၍ အနုညာတစီရင်ဆုံးဖြတ်မှု ဆောင်ရွက်နေစဉ်အတွင်း အငြင်းပွားသူများက အငြင်း ပွားမှုကို သဘောတူပြေငြိမ်းကြလျှင် အနုညာတခုံရုံးသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံး စေရမည်။ ထို့အပြင် အငြင်းပွားသူများက တောင်းဆိုလျှင် သို့မဟုတ် အနုညာတခုံရုံးက ကန့်ကွက်ခြင်းမပြုလျှင် အနုညာတခုံရုံးသည် အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း သဘောတူပြေငြိမ်းခြင်းကို အနုညာတဆုံးဖြတ်ချက်ပုံစံဖြင့် ရေးသားမှတ်တမ်းတင်ရမည်။

(ခ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအတိုင်း ပြုလုပ်သည့် အနုညာတ ဆုံးဖြတ်ချက်ကို ပုဒ်မ ၃၁ နှင့်အညီ ပြုလုပ်ရမည်။ ၎င်းကို အနုညာတဆုံးဖြတ်ချက်ဟု ဖော်ပြ ရမည်။

(ဂ) အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက်များအရ ပြုလုပ်သော အနုညာတ ဆုံးဖြတ်ချက်သည် အဓိကအငြင်းပွားအကြောင်းခြင်းရာအပေါ် ဆုံးဖြတ်သော အခြား အနုညာတဆုံးဖြတ်ချက်ကဲ့သို့ တူညီသောအဆင့်အတန်းနှင့် တူညီသောအကျိုးသက်ရောက်မှု ရှိစေရမည်။

၃၁။ (က) အနုညာတဆုံးဖြတ်ချက်ကို စာဖြင့် ရေးသားရမည့်အပြင် အနုညာတခုံရုံး၏ အဖွဲ့ဝင်ခုံသမာဓိ သို့မဟုတ် ခုံသမာဓိများက လက်မှတ်ရေးထိုးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အလို့ငှာ ခုံသမာဓိတစ်ဦးထက်ပိုပါဝင်သော အနုညာတစီရင် ဆုံးဖြတ်မှုတွင် အနုညာတခုံရုံး၏ အဖွဲ့ဝင်ခုံသမာဓိများထဲမှ အများစုက လက်မှတ်ရေးထိုးပါက ပြည့်စုံသည်ဟု မှတ်ယူရမည်။ သို့ရာတွင် လက်မှတ်မရေးထိုးဘဲ ကျန်ရှိနေခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြချက်ကို ရေးသားဖော်ပြရမည်။

(ဂ) (၁) အငြင်းပွားသူများက အကြောင်းပြချက်များ ဖော်ပြရန်မလိုဟု သဘောတူညီထားခြင်း မရှိလျှင် သို့မဟုတ်

(၂) ဆုံးဖြတ်ချက်သည် ပုဒ်မ ၃၀ အရ အငြင်းပွားသူများက သဘောတူညီသော စည်းကမ်းချက် များအရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်မဟုတ်လျှင်

အနုညာတဆုံးဖြတ်ချက်၌ ဆုံးဖြတ်ရာတွင် အခြေခံသော အကြောင်းပြချက်များကို ဖော်ပြ ရမည်။

(ဃ) အနုညာတဆုံးဖြတ်ချက်တွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့စွဲနှင့် ပုဒ်မ ၂၀ နှင့်အညီ သတ်မှတ် ထားသည့် အနုညာတစီရင်ဆုံးဖြတ်ရာဒေသကို ဖော်ပြရမည်။ အနုညာတဆုံးဖြတ်ချက်ကို ထိုဒေသတွင် ဆုံးဖြတ်သည်ဟု မှတ်ယူရမည်။

(င) အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပြီးနောက် လက်မှတ်ရေးထိုးထားသော မိတ္တူတစ်စောင်စီကို အငြင်းပွားသူအသီးသီးထံ ပေးပို့ရမည်။

(စ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် -

(၁) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ကုန်ကျစရိတ်ကို အနုညာတခုံရုံးက သတ်မှတ်ပေးရမည်။

(၂) အနုညာတခုံရုံးသည် အောက်ပါအချက်တို့ကို သတ်မှတ်ပေးရမည် -

(ကက) ကုန်ကျစရိတ်ကို ရထိုက်ခွင့်ရှိသော အငြင်းပွားသူ၊

(ခခ) ကုန်ကျစရိတ်ကို ပေးဆောင်ရမည့် အငြင်းပွားသူ၊

(ဂဂ) ကုန်ကျစရိတ်ပမာဏနှင့် တွက်ချက်သည့်နည်းလမ်း၊

(ဃဃ) ကုန်ကျစရိတ်ကို ပေးဆောင်ရမည့်နည်းလမ်း။

**ရှင်းလင်းချက်။**

ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော 'ကုန်ကျစရိတ်' ဆိုသည်တွင် အောက်ပါကိစ္စများနှင့် ပတ်သက်၍ သင့်လျော်သည့် ကုန်ကျစရိတ်ငွေကို ဆိုလိုသည် -

(၁) ခုံသမာဓိနှင့် သက်သေများအတွက် အခကြေးငွေများနှင့် စရိတ်ငွေများ၊

(၂) ရှေ့နေအတွက် အခကြေးငွေများနှင့် စရိတ်ငွေများ၊

(၃) အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်သော အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအတွက် အခကြေးငွေများ၊

(၄) အနုညာတစီရင်ဆုံးဖြတ်မှု၊ အနုညာတဆုံးဖြတ်ချက်တို့နှင့် ဆက်စပ်ကုန်ကျသည့် အခြားစရိတ်ငွေများ။

၃၂။ (က) အနုညာတစီရင်ဆုံးဖြတ်မှုသည် အပြီးသတ်အနုညာတစီရင်ဆုံးဖြတ်ချက် ချမှတ်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ အနုညာတခုံရုံးက အမိန့်ချမှတ်လျှင်ဖြစ်စေ ပြီးဆုံးစေရမည်။

(ခ) အနုညာတခုံရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံးကြောင်း အမိန့်တစ်ရပ် ချမှတ်ရမည် -

(၁) တောင်းဆိုသူက ၎င်း၏တောင်းဆိုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထိုသို့ရုပ်သိမ်းရာတွင် တောင်းဆိုခံရသူက ထိုသို့ အမိန့်ချမှတ်ခြင်းကို ကန့်ကွက်ခြင်းမရှိစေရ။ ထို့အပြင် အငြင်းပွားမှုကို နောက်ဆုံးပြေငြိမ်းပြီးပြတ်ရာတွင် ရရှိနိုင်သော တောင်းဆိုခံရသူ၏ ဥပဒေအရ အကျိုးခံစားခွင့်ကို အနုညာတခုံရုံးက အသိအမှတ်ပြုထားခြင်း မရှိစေရ။

(၂) အငြင်းပွားသူများက အနုညာတစီရင်ဆုံးဖြတ်မှုကို ပြီးဆုံးရန် သဘောတူညီကြခြင်း၊ သို့မဟုတ်

(၃) အခြားအကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အနုညာတခုံရုံးက တွေ့ရှိခြင်း။

(ဂ) ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပုဒ်မခွဲ (ဃ) တို့အရ အနုညာတစီရင်ဆုံးဖြတ်မှု ပြီးဆုံးလျှင် အနုညာတခုံရုံး၏ လုပ်ပိုင်ခွင့်သည်လည်း ရပ်စဲပြီးဖြစ်သည်။

၃၃။ (က) အငြင်းပွားသူများက အခြားကာလတစ်ခုကို သဘောတူသတ်မှတ်ထားခြင်းမရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း -

(၁) အငြင်းပွားသူတစ်ဦးသည် တွက်ချက်မှုအမှားအယွင်း၊ စာရေးသားမှုအမှားအယွင်း သို့မဟုတ် စာပုံနှိပ်မှုအမှားအယွင်း သို့မဟုတ် အလားတူသဘောသဘာဝရှိသော အမှားအယွင်း

တစ်ခုခုကို ပြင်ဆင်ပေးရန် အခြားအငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(၂) အငြင်းပွားသူများက သဘောတူညီကြလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ပါ သီးခြားအချက်တစ်ရပ် သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်အတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် အခြားအငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အမှားပြင်ဆင်ပေးရမည် သို့မဟုတ် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရမည်။ ထိုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်း ဖြစ်စေရမည်။

(ဂ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော အမှားအယွင်းများကို အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိသဘောအလျောက် ပြင်ဆင်နိုင်သည်။

(ဃ) အငြင်းပွားသူများက အခြားနည်းသဘောတူညီထားခြင်းမရှိလျှင် အငြင်းပွားသူတစ်ဦးသည် အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခြားအငြင်းပွားသူတစ်ဦးအား အကြောင်းကြားလျက် အနုညာတစီရင်ဆုံးဖြတ်မှုတွင် တင်ပြခဲ့သော်လည်း အနုညာတဆုံးဖြတ်ချက်၌ ချန်လှပ်ထားခဲ့သော တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဆုံးဖြတ်ချက် ချမှတ်ပေးရန် အနုညာတခုံရုံးထံ လျှောက်ထားတောင်းဆိုနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ လျှောက်ထားမှုမှာ လျော်ကန်သင့်မြတ်သည်ဟု အနုညာတခုံရုံးက ယူဆလျှင် အနုညာတခုံရုံးသည် အဆိုပါလျှောက်ထားမှုကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက်ကို ချမှတ်ပေးရမည်။

(စ) အနုညာတခုံရုံးသည် ပုဒ်မခွဲ (ခ) သို့မဟုတ် (င) အရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ပြုလုပ်ရန် အချိန်ကာလသတ်မှတ်ချက်ကို လိုအပ်လျှင် တိုးမြှင့်နိုင်သည်။

(ဆ) ပုဒ်မ ၃၁ သည် ဤပုဒ်မအရ အမှားပြင်ဆင်ခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် နောက်ဆက်တွဲ အနုညာတဆုံးဖြတ်ချက် ချမှတ်ခြင်းတို့နှင့် သက်ဆိုင်စေရမည်။

## အခန်း (၈)

## အနုညာတဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ တရားရုံး၏အဆုံးအဖြတ်ကို ခံယူခြင်း

၃၄။ (က) အနုညာတဆုံးဖြတ်ချက်ကို မကျေနပ်၍ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန် လျှောက်ထားရာတွင် ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဖြင့်သာ ပြုလုပ်ရမည်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်မှသာ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည် -

(၁) လျှောက်ထားသော အငြင်းပွားသူက အောက်ပါအတိုင်း သက်သေပြသနိုင်ခြင်း -

(ကက) အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူတစ်ဦးသည် မစွမ်းဆောင်နိုင်သော အခြေအနေသို့ ရောက်ရှိနေကြောင်း၊

(ခခ) အနုညာတသဘောတူညီချက်နှင့်စပ်လျဉ်း၍ အငြင်းပွားသူများက လိုက်နာရမည့် ဥပဒေအရဖြစ်စေ၊ ထိုသို့လိုက်နာရမည့်ဥပဒေမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရဖြစ်စေ အဆိုပါ အနုညာတသဘောတူညီချက်သည် တရားမဝင်ကြောင်း၊

(ဂဂ) လျှောက်ထားသော အငြင်းပွားသူအား ခုံသမာဓိခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုကို နည်းလမ်းတကျ အကြောင်းမကြားခဲ့ကြောင်း သို့မဟုတ် အခြားတစ်နည်းနည်းကြောင့် ၎င်း၏အမှုကို ရင်ဆိုင်ဖြေရှင်းခွင့်မရခဲ့ကြောင်း၊

(ဃဃ) အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များအတိုင်း စဉ်းစားသုံးသပ်မှုမပြုလုပ်ခဲ့သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသော အငြင်းပွားမှုနှင့် ပတ်သက်နေကြောင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် အကျုံးမဝင်သောကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်များ ပါဝင်နေကြောင်း၊ သို့ရာတွင် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များအထဲမှ အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်ရန် မတင်သွင်းသောကိစ္စရပ်များအပေါ် ချမှတ်သည့် ဆုံးဖြတ်မှုပါဝင်သော အနုညာတဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို ပယ်ဖျက်နိုင်သည်။

(ငင) အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတဆုံးဖြတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် အငြင်းပွားသူများ၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိကြောင်း၊ သို့ရာတွင် အဆိုပါသဘောတူညီချက်သည် အငြင်းပွားသူများက လျှော့ပေါ့ခွင့်မရှိသော ဤဥပဒေပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရ။
သို့မဟုတ်
ထိုသို့ သဘောတူညီချက်မရှိပါက အနုညာတခုံရုံးဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတဆုံးဖြတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိကြောင်း။

(၂) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိခြင်း -

(ကက) အငြင်းပွားမှု၏ အဓိကအကြောင်းခြင်းရာသည် တည်ဆဲဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းနိုင်ရန် မဖြစ်နိုင်ကြောင်း၊ သို့မဟုတ်

(ခခ) အနုညာတဆုံးဖြတ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲကြောင်း။

**ရှင်းလင်းချက်**

အထက်ပုဒ်မခွဲငယ် (ခခ) ပါ ယေဘုယျသဘောကို မထိခိုက်စေဘဲ သံသယဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ ရယူထားသော အနုညာတဆုံးဖြတ်ချက်၊ အဂတိလိုက်စား၍ ဆုံးဖြတ်ထားသော အနုညာတဆုံးဖြတ်ချက်နှင့် သဘာဝတရားမျှတမှုဥပဒေကို ချိုးဖောက်၍ ဆုံးဖြတ်ထားပြီး အငြင်းပွားသူ၏ အခွင့်အရေးကို ထိခိုက်စေသော အနုညာတဆုံးဖြတ်ချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်သော အနုညာတဆုံးဖြတ်ချက်ဖြစ်သည်။

(ဂ) လျှောက်ထားသော အငြင်းပွားသူက အနုညာတဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက်မှ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမပြုရ။ သို့မဟုတ် ပုဒ်မ ၃၃ အရ လျှောက်ထားလျှင် လျှောက်ထားမှုကို အနုညာတခုံရုံးက ဆောင်ရွက်ပြီးသည့်နေ့မှ သုံးလကုန်ဆုံးပြီးနောက်မှ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းမပြုရ။

(ဃ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုကို လက်ခံရရှိလျှင် တရားရုံးသည် အငြင်းပွားသူတစ်ဦးက တောင်းဆိုသည့်အပြင် သင့်လျော်သည်ဟု ယူဆပါက လျှောက်ထားမှုကို တရားရုံးက သတ်မှတ်သည့်ကာလသို့ ရွှေ့ဆိုင်းရမည်။ ထိုသို့ရွှေ့ဆိုင်းခြင်းမှာ အနုညာတခုံရုံးက အနုညာတစီရင်ဆုံးဖြတ်မှုကို ပြန်လည်ဆောင်ရွက်နိုင်ရန် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်စေမည့် အကြောင်းပြချက်များအား ဖယ်ရှားနိုင်မည်ဟု အနုညာတခုံရုံးက ယူဆသော အခြားအရေးယူဆောင်ရွက်မှု ပြုလုပ်နိုင်ရန်အတွက် ရွှေ့ဆိုင်းခြင်းဖြစ်သည်။

## အခန်း (၉)
## အနုညာတဆုံးဖြတ်ချက် အပြီးအပြတ်ဖြစ်ခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်း

၃၅။ အနုညာတဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး၊ အငြင်းပွားသူများနှင့် ၎င်းတို့ကို ဆက်ခံအရေးဆိုသူများအပေါ် စည်းနှောင်မှု ရှိစေရမည်။

၃၆။ ပုဒ်မ ၃၄ အရ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သည့်ကာလ ကုန်ဆုံးသွားသည့်အခါ သို့မဟုတ် အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသော်လည်း ငြင်းပယ်ခံရသည့်အခါ အနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီဖြစ်ဘိသကဲ့သို့ တရားမကျင့်ထုံးဥပဒေအရ ဒီကရီကို အတည်ပြုဆောင်ရွက်သည့်နည်းလမ်းအတိုင်း အတည်ပြုဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အယူခံဝင်ခြင်း

၃၇။ (က) အောက်ဖော်ပြပါ တရားရုံးအမိန့်များကို အမိန့်ချမှတ်သည့် တရားရုံး၏ မူလဒီကရီများအပေါ် အယူခံမှုများကို ကြားနာရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၉ အရ နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ခွင့်ပြုသော သို့မဟုတ် ငြင်းပယ်သော အမိန့်၊

(၂) ပုဒ်မ ၃၄ အရ အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်သောအမိန့် သို့မဟုတ် ပယ်ဖျက်ရန် ငြင်းပယ်သောအမိန့်။

(ခ) အောက်ဖော်ပြပါ အနုညာတခုံရုံးအမိန့်များကို တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည် -

(၁) ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသည့် လျှောက်ထားချက်ကို လက်ခံသော အမိန့်၊

(၂) ပုဒ်မ ၁၇ အရ ကြားဖြတ်ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့်ပြုသော အမိန့် သို့မဟုတ် ဆောင်ရွက်ရန် ငြင်းပယ်သောအမိန့်။

(ဂ) ဤပုဒ်မအရ တင်သွင်းသည့် အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့် မရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပြည်ထောင်စုတရား

လွှတ်တော်ချုပ်ထံ အယူခံဝင်ရောက်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ သို့မဟုတ် နုတ်ပယ်ခြင်း မရှိစေရ။

## အခန်း (၁၁)
## နောက်ဆက်တွဲပြဋ္ဌာန်းချက်များ

၃၈။ (က) နောက်ဆက်တွဲပထမဇယား၊ ဒုတိယဇယားနှင့် တတိယဇယားတို့တွင် ဖော်ပြထားသော သဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြု ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးမှ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခုမှ တာဝန်ရှိသူတစ်ဦးဦးကိုဖြစ်စေ အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတ သဘောတူညီချက်ကို စစ်မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးစေရန် သို့မဟုတ် တာဝန်ခံ မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံရန် အမိန့်ကြော်ငြာစာဖြင့် ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသူသည် -

(၁) ပြည်ထောင်စုတရားသူကြီးချုပ်က သတ်မှတ်ပေးသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက် ရမည်။

(၂) အငြင်းပွားသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အငြင်းပွားသူများ၏ ကိုယ်ရေးအချက်အလက်များ အပါအဝင် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်ကို အခြားသူသို့ ထုတ်ဖော်ခြင်းမပြုရ။

၃၉။ အနုညာတဆုံးဖြတ်ချက်တွင် ပေးချေရမည့်ငွေပမာဏကို ဖော်ပြထားသော်လည်း အခြားနည်း ညွှန်ပြ ထားခြင်းမရှိလျှင် တရားရုံးက ငွေဒီကရီတွင် သတ်မှတ်သောအတိုးနှုန်းထားအတိုင်း အနုညာတဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ အတိုးပေးစေရမည်။

၄၀။ (က) အနုညာတခုံရုံးသည် ၎င်းခုံရုံးသို့ တင်သွင်းသော တောင်းဆိုမှုနှင့်ပတ်သက်၍ ပုဒ်မ ၃၁ ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသော ကုန်ကျစရိတ်အတွက် ထိုက်သင့်သည်ဟု မှန်းဆသောငွေကို ကြိုတင်ပေးသွင်းစေရန် အာမခံငွေ သို့မဟုတ် အပိုဆောင်းအာမခံငွေ၏ ပမာဏကို အကြောင်း အားလျော်စွာ သတ်မှတ်နိုင်သည်။

သို့ရာတွင် တောင်းဆိုမှုအပြင် အပြန်အလှန်တောင်းဆိုမှုကို အနုညာတခုံရုံးသို့ တင်သွင်း တောင်းဆိုထားလျှင် အနုညာတခုံရုံးသည် တောင်းဆိုမှုနှင့် အပြန်အလှန်တောင်းဆိုမှုအတွက် သီးခြားအာမခံငွေများကို ပေးသွင်းစေရန် သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အာမခံငွေအတွက် အငြင်းပွားသူများက အညီအမျှ ပေးဆောင်ရမည်။

သို့ရာတွင် အငြင်းပွားသူတစ်ဦးက အာမခံငွေအတွက် ၎င်းပေးဆောင်ရမည့်အချိုးကျငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖက်အငြင်းပွားသူက ထိုငွေကို ပေးဆောင်နိုင်သည်။ ထို့အပြင် တစ်ဖက်အငြင်းပွားသူကလည်း တောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှု အတွက် အထက်ဖော်ပြပါ အချိုးကျငွေကို ပေးဆောင်ခြင်းမရှိပါက အနုညာတခုံရုံးသည် ထိုတောင်းဆိုမှု သို့မဟုတ် အပြန်အလှန်တောင်းဆိုမှုနှင့်စပ်လျဉ်းသော အနုညာတစီရင် ဆုံးဖြတ်မှုကို အကြောင်းအားလျော်စွာ ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

(ဂ) အနုညာတစီရင်ဆုံးဖြတ်မှုကို ရပ်စဲလျှင် အနုညာတခုံရုံးသည် လက်ခံရရှိသော အာမခံငွေနှင့် ပတ်သက်သည့် စာရင်းရှင်းလင်းချက်ကို အငြင်းပွားသူများထံ ပေးပို့ရမည့်အပြင် မသုံးစွဲရ သေးသော လက်ကျန်ငွေကို အငြင်းပွားသူထံ အကြောင်းအားလျော်စွာ ပြန်အမ်းရမည်။

၄၁။ (က) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များ၊ အနုညာတသဘောတူညီချက်ပါ ဆန့်ကျင်ကွဲလွဲသည့် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အနုညာတခုံရုံးသည် အနုညာတဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မပေးဆောင်ရသေးသော ကုန်ကျစရိတ်များအတွက် အနုညာတဆုံးဖြတ်ချက် ဆိုင်ရာ အခွင့်အရေး ရှိစေရမည်။

(ခ) အနုညာတခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာ၌ ၎င်းခုံရုံးက တောင်းဆိုသော ကုန်ကျစရိတ်ကို ပေးရန် အချက်မှတစ်ပါး ကျန်ဆုံးဖြတ်ချက်ကို ချမှတ်ရန် ငြင်းဆိုလျှင် ဤကိစ္စအလို့ငှာ လျှောက်ထားပါက တရားရုံးသည် တောင်းခံထားသည့် ကုန်ကျစရိတ်ငွေကို လျှောက်ထားသူက တရားရုံးသို့ ပေးသွင်းသည့်အခါ အနုညာတခုံရုံးက အနုညာတဆုံးဖြတ်ချက်ကို လျှောက်ထားသူ အပေါ် ချမှတ်ပေးရန် အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် လိုအပ်လျှင် စုံစမ်းစစ်ဆေးမှုပြုလုပ် ပြီးနောက် သင့်သည်ထင်က တရားရုံးသို့ ပေးသွင်းထားသောငွေထဲမှ တရားရုံးက သင့်လျော် သည်ဟု ယူဆသောငွေကို စရိတ်ငွေအဖြစ် အနုညာတခုံရုံးသို့ ထုတ်ပေးစေရန်နှင့် လက်ကျန် ငွေကို လျှောက်ထားသူသို့ ပြန်အမ်းစေရန် အမိန့် ချမှတ်နိုင်သည်။

(ဂ) တောင်းဆိုသောအခကြေးငွေနှင့်စပ်လျဉ်း၍ အငြင်းပွားသူနှင့် အနုညာတခုံရုံးအကြား စာဖြင့် ရေးသားပြုလုပ်ထားသော သဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ) အရ လျှောက်ထားမှုကို အငြင်းပွားသူတစ်ဦးဦးက ပြုလုပ်နိုင်သည်။ အနုညာတခုံရုံးသည် ထိုလျှောက်ထားမှုအတွက် တရားရုံးရှေ့သို့ လာရောက်ခွင့်နှင့် လျှောက်လဲပိုင်ခွင့် ရှိစေရမည်။

(ဃ) အနုညာတစီရင်ဆုံးဖြတ်မှုအတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်လျှင် သို့မဟုတ် အနုညာတဆုံးဖြတ်ချက်တွင် ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ လုံလောက်သော ဖော်ပြချက် မပါရှိလျှင် အဆိုပါကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည် ထင်မြင်သော အမိန့်များကို ချမှတ်နိုင်သည်။

၄၂။ (က) အနုညာတသဘောတူညီချက်တွင် ပါဝင်သော သဘောတူညီသူတစ်ဦး ကွယ်လွန်ခြင်းကြောင့် ထိုသူနှင့်ပတ်သက်၍သော်လည်းကောင်း၊ အခြားသဘောတူညီသူတစ်ဦးနှင့် ပတ်သက်၍သော် လည်းကောင်း အနုညာတသဘောတူညီချက်သည် ရပ်စဲခြင်းမရှိစေရ။ သို့ရာတွင် ထိုသို့ ကွယ်လွန်ပါက ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် အပေါ်ဖြစ်စေ အနုညာတသဘောတူညီချက်ကို အတည်ပြုဆောင်ရွက်ခွင့် ရှိစေရမည်။

(ခ) ခုံသမာဓိတစ်ဦးကို ခန့်ထားသော အငြင်းပွားသူ ကွယ်လွန်ခြင်းကြောင့် ၎င်းခုံသမာဓိ၏ လုပ်ပိုင်ခွင့်သည် ရပ်စဲခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ လူတစ်ဦး ကွယ်လွန်ခြင်းကြောင့် တရားစွဲဆိုအရေးယူ ဆောင်ရွက်ပိုင်ခွင့် ရပ်စဲစေရန် ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ရပ်၏ အကျိုးသက်ရောက်မှုကို မထိခိုက်စေရ။

၄၃။ (က) လူမွဲအဖြစ် ခံယူထားသူတစ်ဦး ပါဝင်သည့် ပဋိညာဉ်တစ်ရပ်ရပ်တွင် ယင်းပဋိညာဉ်အရ ပေါ်ပေါက်လာသည့် အငြင်းပွားမှု သို့မဟုတ် ယင်းပဋိညာဉ်နှင့် ဆက်နွှယ်ပေါ်ပေါက်သည့် အငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်စေရန် တင်သွင်းရမည်ဟု စည်းကမ်းသတ်မှတ်

ထားလျှင် အကယ်၍ ပစ္စည်းထိန်းက ထိုပဋိညာဉ်ကို လက်ခံပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း သရွေ့ လူမွဲက သို့မဟုတ် လူမွဲအပေါ် အဆိုပါစည်းကမ်းချက်ကို အတည်ပြုဆောင်ရွက်ခွင့် ရှိစေရမည်။

(ခ) အနုညာတသဘောတူညီချက်တွင် ပါဝင်သူတစ်ဦး သို့မဟုတ် ပစ္စည်းထိန်းသည် အောက်ပါ အခြေအနေများ ပေါ်ပေါက်သည့်အခါ အနုညာတသဘောတူညီချက်တွင် ပါသည့်အတိုင်း အငြင်းပွားသည့် အကြောင်းအရာအား အနုညာတစီရင်ဆုံးဖြတ်မှု ခံယူစေသည့်အမိန့် ချမှတ် ပေးရန်အတွက် လူမွဲအဖြစ် ခံယူမှုကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသို့ လျှောက်ထား တောင်းဆိုနိုင်သည် -

(၁) လူမွဲအဖြစ် ခံယူထားသူတစ်ဦးသည် လူမွဲအဖြစ် ခံယူမှုမစတင်မီက အနုညာတသဘော တူညီချက်တွင် ပါဝင်သူဖြစ်ခြင်း၊

(၂) အဆိုပါသဘောတူညီချက်နှင့် အကျုံးဝင်သော အကြောင်းအရာတစ်ရပ်ရပ်ကို လူမွဲအဖြစ် ခံယူမှုနှင့်စပ်လျဉ်း၍ သို့မဟုတ် ခံယူမှုအတွက် ဆုံးဖြတ်ပေးရန် တောင်းဆိုခံရခြင်း၊ ထို့ပြင်

(၃) အမှုမှာ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သော အမှုမျိုးမဟုတ်ခြင်း။

တရားရုံးသည် အမှု၏အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ရှု၍ အကြောင်းအရာမှာ အနုညာတစီရင်ဆုံးဖြတ်မှု ခံယူသင့်သည်ဟု ထင်မြင်ယူဆလျှင် ထင်မြင်ယူဆသည့်အတိုင်း အမိန့်တစ်ရပ်ကို ချမှတ်ပေးနိုင်သည်။

(ဂ) ဤပုဒ်မတွင် ဖော်ပြထားသော "ပစ္စည်းထိန်း" ဆိုသော စကားရပ်တွင် ပစ္စည်းထိန်းဝန်လည်း ပါဝင်သည်။

၄၄။ ဤဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ မည်သို့ပင် ဖော်ပြပါရှိစေကာမူ အနုညာတသဘောတူညီချက်တစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးတစ်ရုံးသို့ ဤဥပဒေအရ လျှောက်ထားပြီး ဖြစ်လျှင် ထိုတရားရုံးကသာလျှင် အနုညာတစီရင်ဆုံးဖြတ်မှုအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်။ အနုညာတ သဘောတူညီချက်နှင့် အနုညာတစီရင်ဆုံးဖြတ်မှုတို့မှ ပေါ်ပေါက်လာသော နောက်ဆက်တွဲလျှောက်ထားမှု များကို ထိုတရားရုံး၌သာလျှင် လျှောက်ထားရမည်၊ အခြားမည်သည့်တရားရုံးတွင်မှ လျှောက်ထားခွင့် မရှိစေရ။

၄၅။ (က) ကာလစည်းကမ်းသတ်အက်ဥပဒေသည် တရားရုံးရှိ တရားစီရင်သောမှုခင်းများနှင့် သက်ဆိုင် သကဲ့သို့ အနုညာတစီရင်ဆုံးဖြတ်မှုများနှင့်လည်း သက်ဆိုင်စေရမည်။

(ခ) ဤပုဒ်မနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေအလို့ငှာ ပုဒ်မ ၂၁ တွင် ရည်ညွှန်းသောနေ့မှ စ၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း စတင်ကြောင်း မှတ်ယူရမည်။

(ဂ) နောင်တွင် ပေါ်ပေါက်မည့် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် သဘော တူညီထားသည့် အနုညာတသဘောတူညီချက်တစ်ရပ်တွင် အကယ်၍ သတ်မှတ်ထားသော ကာလအတွင်း အနုညာတစီရင်ဆုံးဖြတ်မှုစတင်သည့် အဆင့်တစ်ဆင့်ကို ဆောင်ရွက်ခြင်း မပြုလျှင် ထိုအနုညာတသဘောတူညီချက်နှင့်ပတ်သက်၍ တောင်းဆိုချက်ကို ခွင့်မပြုရန် တားမြစ်ပိတ်ပင်ကြောင်း သတ်မှတ်ထားပြီး၊ ထိုအနုညာတသဘောတူညီချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ် ပေါ်ပေါက်လာပါက တရားရုံးသည် တရားမျှတမှုအလို့ငှာ လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်၍ သင့်သည်ထင်မြင်သောကာလတစ်ခုသို့ တိုးချဲ့သတ်မှတ် ပေးနိုင်သည်။ တရားရုံးသည် အမှု၏အခြေအနေအရပ်ရပ်အရ မလျော်သောအခက်အခဲများ တစ်နည်းနည်းဖြင့် ပေါ်ပေါက်လာနိုင်သည်ဟု ထင်မြင်ယူဆပါက အနုညာတသဘော

တူညီချက်တွင် သတ်မှတ်ထားသောကာလမှာ ကုန်ဆုံးသွားစေကာမူ ယင်းစည်းကမ်းသတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

(ဃ) တရားရုံးက အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လျှင် တင်ပြသည့် အငြင်းပွားမှုနှင့်သက်ဆိုင်သည့်အမှု (အနုညာတစီရင်ဆုံးဖြတ်ခြင်း အပါအဝင်) အတွက် ကာလစည်းကမ်းသတ်အက်ဥပဒေအရ စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် အနုညာတ စီရင်ဆုံးဖြတ်ခြင်းစတင်သည့်နေ့မှ တရားရုံးက ပယ်ဖျက်သည့်အမိန့် ချမှတ်သည့်နေ့အထိကာလကို နုတ်ပယ်ရမည်။

## အပိုင်း ၂။

## အခန်း (၁၂)

## နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်း

၄၆။ ဤအခန်းတွင် ပါရှိသော 'နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်' ဆိုသည်မှာ နောက်ဆက်တွဲ **ပထမဇယား၊ ဒုတိယဇယား**နှင့် **တတိယဇယား**တို့တွင် ဖော်ပြထားသော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် အကျုံးဝင်သက်ဆိုင်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို လိုက်နာဆောင်ရွက်နေစဉ်အတွင်း၊ အဆိုပါ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်စပ်လျဉ်း၍ အပြန်အလှန်လေးစားလိုက်နာမည်ဟု ပြဋ္ဌာန်းချက်များ ပြုလုပ်ထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ကျေနပ်သဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို လိုက်နာသော နယ်မြေဒေသများဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာထားသော နယ်မြေဒေသများထဲမှ နယ်မြေဒေသတစ်ခုခုတွင်၊ ပုဂ္ဂိုလ်များအကြား ပဋိညာဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကူးသန်းရောင်းဝယ်မှုဟု မှတ်ယူနိုင်သော တရားဝင်ဆက်ဆံမှုများပြုလုပ်ရာမှ ပေါ်ပေါက်လာသော ကွဲလွဲမှုများအပေါ် အနုညာတဆုံးဖြတ်ချက်ကို ဆိုသည်။

၄၇။ ဤဥပဒေ အပိုင်း (၁) နှင့် တရားမကျင့်ထုံးဥပဒေတွင် မည်သို့ပင်ဖော်ပြပါရှိစေကာမူ လျှောက်ထားသူများက ပုဒ်မ ၄၆ တွင် ရည်ညွှန်းဖော်ပြထားသည့် သဘောတူညီချက်ကို ပြုလုပ်ထားပြီး ထိုသဘောတူညီချက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်အတွက် တရားရုံးက အရေးယူဆောင်ရွက်သည့်အခါ၊ လျှောက်ထားသူတစ်ဦးဦးက လျှောက်ထားတောင်းဆိုလျှင် သို့မဟုတ် ၎င်းကို ဆက်ခံအရေးဆိုသူတစ်ဦးဦးက လျှောက်ထားတောင်းဆိုလျှင် အဆိုပါသဘောတူညီချက်မှာ ပျက်ပြယ်ကြောင်း၊ အကျိုးမသက်ရောက်ကြောင်း သို့မဟုတ် အဆိုပါသဘောတူညီချက်ကို ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း မတွေ့ရှိပါက၊ တရားရုံးသည် အငြင်းပွားသူများကို အနုညာတစီရင်ဆုံးဖြတ်မှု ခံယူစေရန် လွှဲအပ်ရမည်။

၄၈။ ဤအခန်းအရ အတည်ပြုဆောင်ရွက်နိုင်သော နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူများက အားလုံးသောအကြောင်းကိစ္စရပ်များအတွက် လိုက်နာရန် တာဝန်ရှိစေရမည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူတစ်ဦးဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တရားမှုခင်းများတွင် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ခုခံချေပရာတွင်ဖြစ်စေ၊ ခုနှိမ်ရာတွင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အားကိုးအားထားပြုနိုင်သည်။ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ဤအခန်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ရပ်တွင် အနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အားကိုးအားထားပြုခြင်းလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

၄၉။ (က) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးရန် လျှောက်ထားသူသည် ထိုသို့ လျှောက်ထားသည့်အခါ အောက်ပါအချက်တို့ကို တရားရုံးသို့ တင်ပြရမည် -

(၁) ဆုံးဖြတ်ချက်ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ သတ်မှတ်ထားသောနည်းလမ်းအတိုင်း နည်းလမ်း တကျ စစ်မှန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အနုညာတဆုံးဖြတ်ချက်မူရင်း သို့မဟုတ် ဆုံးဖြတ်ချက်၏မိတ္တူတစ်စောင်၊

(၂) အနုညာတသဘောတူညီချက်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတစ်စောင်၊

(၃) အနုညာတဆုံးဖြတ်ချက်သည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ဖြစ်ကြောင်း သက်သေ ထင်ရှားပြသရန် လိုအပ်သည့် သက်သေခံချက်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရမည့် အနုညာတဆုံးဖြတ်ချက် သို့မဟုတ် အနုညာတသဘော တူညီချက်ကို နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူသည် ၎င်းနှင့်သက်ဆိုင်သောနိုင်ငံ၏ သံအမတ် သို့မဟုတ် ကောင်စစ်ဝန်က မှန်ကန်ကြောင်း တာဝန်ခံ လက်မှတ်ရေးထိုးထားသော အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်အား တင်ပြရမည် သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေအရ လိုအပ်သောအချက်များနှင့် ပြည့်စုံသည့် မှန်ကန်ကြောင်း တာဝန်ခံ လက်မှတ် ရေးထိုးထားသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်အား တင်ပြရမည်။

၅၀။ (က) နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုပေးရန် လျှောက်ထားခြင်းခံရသူက အောက်ပါအချက်တစ်ရပ်ရပ်ကို သက်သေပြသနိုင်လျှင် တရားရုံးသည် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) ပုဒ်မ ၄၆ တွင် ရည်ညွှန်းဖော်ပြထားသော သဘောတူညီချက်တွင် ပါဝင်သူတို့သည် ၎င်းတို့ လိုက်နာရမည့် ဥပဒေအရ မစွမ်းဆောင်နိုင်သောအခြေအနေသို့ ရောက်ရှိနေကြောင်း သို့မဟုတ် အဆိုပါသဘောတူညီချက်သည် ၎င်းတို့က လိုက်နာရမည့် ဥပဒေအရ တရားမဝင် ကြောင်း သို့မဟုတ် ၎င်းတို့ လိုက်နာရမည့်ဥပဒေကို သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် အနုညာတဆုံးဖြတ်ချက် ချမှတ်ရာနိုင်ငံ၏ ဥပဒေအရ တရားမဝင်ကြောင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားခြင်းခံရသူအား ခုံသမာဓိ ခန့်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုကို နည်းလမ်းတကျ အကြောင်းမကြား ခဲ့ကြောင်း သို့မဟုတ် အခြားတစ်နည်းနည်းကြောင့် ၎င်း၏အမှုကို ရင်ဆိုင်ဖြေရှင်းခွင့် မရခဲ့ကြောင်း၊

(၃) အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက် များအတိုင်း စဉ်းစားသုံးသပ်မှုမပြုလုပ်ခဲ့သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်ဘောင်အတွင်း ကျရောက်ခြင်းမရှိသော အငြင်းပွားမှုနှင့်ပတ်သက်နေကြောင်း၊ သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ရန် တင်သွင်းရာတွင် အကျုံးမဝင်သောကိစ္စရပ်များ ပါဝင်နေကြောင်း၊

သို့ရာတွင် အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် မလွှဲအပ်သောကိစ္စရပ်များအပေါ် ချမှတ်သော ဆုံးဖြတ်ချက်များထဲမှ အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် လွှဲအပ်သောကိစ္စရပ်များအပေါ် ချမှတ်သောဆုံးဖြတ်ချက်ကို ခွဲခြားဖယ်ထုတ်နိုင်လျှင် အနုညာတစီရင်ဆုံးဖြတ်မှုခံယူရန် လွှဲအပ်သောကိစ္စရပ်များအပေါ် ချမှတ်သောဆုံးဖြတ်ချက် ပါဝင်သည့် အနုညာတ ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းကို အတည်ပြုဆောင်ရွက်နိုင်သည်။

(၄) အနုညာတခုံရုံးကို ဖွဲ့စည်းခြင်း သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းသည် လျှောက်ထားသူများ၏ သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိကြောင်း သို့မဟုတ် ထိုကဲ့သို့သော သဘောတူညီချက်မရှိပါက အနုညာတစီရင်ဆုံးဖြတ်ရာနိုင်ငံ၏ ဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊

(၅) အနုညာတဆုံးဖြတ်ချက်သည် လျှောက်ထားသူများအပေါ် စည်းနှောင်မှုမရှိသေးကြောင်း သို့မဟုတ် အနုညာတဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံတွင် လုပ်ပိုင်ခွင့်ရှိသော သို့မဟုတ် ထိုနိုင်ငံ၏ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာပိုင်က အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးဖြစ်ကြောင်း သို့မဟုတ် ဆိုင်းငံ့ထားကြောင်း။

(ခ) တရားရုံးက အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ရန် ငြင်းဆိုနိုင်သည် -

(၁) အငြင်းပွားသည့် အကြောင်းခြင်းရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအရ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခွင့်မရှိကြောင်း၊

(၂) အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုဆောင်ရွက်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကြောင်း။

(ဂ) အနုညာတဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ဆိုင်းငံ့ပေးရန် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) တွင် ရည်ညွှန်းသော လုပ်ပိုင်ခွင့်ရှိသော အခွင့်အာဏာပိုင်ထံ လျှောက်ထားဆဲဖြစ်ကြောင်း တင်ပြလျှင် တရားရုံးသည် သင့်လျော်သည်ဟု ယူဆပါက အနုညာတဆုံးဖြတ်ချက် အတည်ပြုရန် အမိန့်ချမှတ်ခြင်းကို ရွှေ့ဆိုင်းနိုင်သည်။ ထို့အပြင် အနုညာတဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်အရ တစ်ဖက်အမှုသည်အား သင့်လျော်သည့် အာမခံငွေကို တင်သွင်းစေရန် အမိန့်ချမှတ်နိုင်သည်။

၅၁။ တရားရုံးသည် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ဤအခန်းအရ အတည်ပြုပေးနိုင်ကြောင်း လက်ခံကျေနပ်လျှင် ထိုအနုညာတဆုံးဖြတ်ချက်ကို တရားရုံး၏ ဒီကရီကဲ့သို့ မှတ်ယူ၍ အတည်ပြုဆောင်ရွက်ရမည်။

၅၂။ (က) အောက်ပါအမိန့်များကို ဥပဒေအရ အခွင့်အာဏာအပ်နှင်းထားသော တရားရုံး သို့မဟုတ် အဆိုပါအမိန့်အပေါ် အယူခံမှုကို ကြားနာခွင့်ရှိသော တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည် -

(၁) ပုဒ်မ ၄၇ အရ လျှောက်ထားသူများအား အနုညာတဆုံးဖြတ်ချက်ခံယူရေး လွှဲအပ်ရန် ငြင်းပယ်သောအမိန့်၊

(၂) ပုဒ်မ ၅၀ အရ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်အား အတည်ပြုရန် ငြင်းပယ်သောအမိန့်။

(ခ) ဤပုဒ်မအရ တင်သွင်းသည့် အယူခံမှုတွင် ချမှတ်သော အမိန့်တစ်ရပ်ရပ်အပေါ် ဒုတိယအယူခံဝင်ခွင့် မရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ သို့မဟုတ် နုတ်ပယ်ခြင်းမရှိစေရ။

၅၃။ ဤအခန်းပါ မည်သည့်အချက်ကမျှ ဤအခန်းကို ပြဋ္ဌာန်းခြင်းမရှိသေးမီက နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အတည်ပြုဆောင်ရွက်ခွင့် ရရှိပြီးဖြစ်မည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ၊ ၎င်းအပေါ် အတည်ပြုဆောင်ရွက်ခွင့်ပျက်ပြယ်ပြီးဖြစ်မည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကိုဖြစ်စေ ထိခိုက်ခြင်းမရှိစေရ။

## အခန်း (၁၃)

## အထွေထွေ

၅၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်လျှင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ဤဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၅၅။ The Arbitration (Protocol and Convention) Act, 1937 နှင့် The Arbitration Act, 1944 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် )

### ၂၀၁၄ ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ၂၀၁၄ ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၄ ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄။ )

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **စာချွန်တော်အမိန့်**ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့် တို့ကို ဆိုသည်။

(ဂ) **ရှေ့တော်သွင်းစာချွန်တော်အမိန့်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(ဃ) **အာဏာပေးစာချွန်တော်အမိန့်**ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူတစ်ဦးဦး သို့မဟုတ် အဖွဲ့ အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသား ထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(င) **တားမြစ်စေစာချွန်တော်အမိန့်**ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(စ) **အာဏာပိုင်မေးစာချွန်တော်အမိန့်**ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်း ထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန် ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(ဆ) **အမှုခေါ်စာချွန်တော်အမိန့်**ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိ ကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသား ထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(ဇ) **စာချွန်တော်ရုံး**ဆိုသည်မှာ စာချွန်တော်အမိန့် ထုတ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို ဆိုသည်။

(ဈ) **လျှောက်ထားလွှာ**ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ တင်သွင်းသည့် လျှောက်ထားလွှာကို ဆိုသည်။

(ည) **လျှောက်ထားသူ**ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာ တင်သွင်း လျှောက်ထားသူများကို ဆိုသည်။

(ဋ) **လျှောက်ထားခံရသူ**ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် ထိုလျှောက်ထားမှုများနှင့်စပ်လျဉ်းသည့် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပြုလုပ် ဆောင်ရွက်သူ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကို ဆိုသည်။

## အခန်း (၂)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည် -

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(၂) အာဏာပေးစာချွန်တော်အမိန့်၊

(၃) တားမြစ်စေစာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊

(၅) အမှုခေါ်စာချွန်တော်အမိန့်။

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

(ဂ) အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ -

(၁) စစ်မက်ဖြစ်ပွားချိန်၊

(၂) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(၃) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

## အခန်း (၃)

## လျှောက်ထားလွှာ တင်သွင်းခြင်းနှင့်စိစစ်ခြင်း

၄။ လျှောက်ထားသူသည် ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ မိမိ၏နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းခြင်းရာများကို ပြည့်စုံစွာရေးသားဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်လျှောက်ထားခြင်းအတွက် ထုတ်ပြန်ထားသည့် စည်းကမ်းများ၊ နည်းလမ်းများနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်။

၅။ လျှောက်ထားလွှာတွင် လျှောက်ထားခံရသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏ အမည်နှင့် လျှောက်ထားလွှာနှင့်ဆီလျော်သော စာချွန်တော်အမိန့်တစ်ရပ် ထုတ်ပေးစေလိုကြောင်း ရေးသားဖော်ပြပါရှိရမည်။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည် -

(က) လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပြည့်စုံမှုမရှိလျှင် ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားသူအား လျှောက်ထားလွှာကို ပြန်လည်ပေးရမည်။

(ဂ) ပြည့်စုံမှုရှိလျှင် အထွေထွေမှု ဖွင့်လှစ်ရမည်။

## အခန်း (၄)

## လျှောက်ထားလွှာကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာကြားနာဆုံးဖြတ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ၊ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာဆုံးဖြတ်ရေးအဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားလွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာ၊ အချက်အလက်များနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို စိစစ်ပြီး လျှောက်ထားသူကို ဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာကို လက်ခံခြင်း ပြု မပြု အမိန့် ချမှတ်ရမည်။

၉။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားလွှာကို လက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လွှဲအပ်စိစစ်ကြားနာစေရမည်။

၁၀။ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူနှစ်ဦးနှစ်ဖက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်။

၁၁။ စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၅)
## လျှောက်ထားခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ဆင့်ခေါ်ပါက စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လာရောက်ရမည်။

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို ထုတ်ပြန်မပေးသင့်ကြောင်း တင်ပြလိုပါက အထောက်အထားများနှင့်အတူ အကျိုးအကြောင်းရှင်းလင်းဖော်ပြရေးသား၍ စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ လျှောက်ထားခံရသူသည် စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့က တောင်းယူသော အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။

## အခန်း (၆)
## အထွေထွေ

၁၆။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တို့နှင့်စပ်လျဉ်း၍ လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချွန်တော်အမိန့် ထုတ်ပြန်ခြင်းမပြုရ။

၁၇။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ရန်ကိစ္စဖြစ်ပါက လျှောက်ထားသူဘက်မှဖြစ်စေ၊ လျှောက်ထားခံရသူဘက်မှဖြစ်စေ၊ လျှောက်ထားသူနှင့်လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြင့်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချွန်တော်လျှောက်ထားမှုများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။

၁၈။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့်စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်၏မေးခွန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များ

**မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူမှုရေးအခြေအနေများ မထိခိုက်စေရေးအတွက် မည်ကဲ့သို့ အစီအမံများ ချမှတ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးညွန့်တင်က မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူမှုရေးအခြေအနေများ မထိခိုက်စေရေးအတွက် မည်ကဲ့သို့ အစီအမံများ ချမှတ်လုပ်ဆောင်ထားသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြပါသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြသော နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ EIA (Environmental Impact Assessment) နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်မှုထိခိုက်ခြင်း၊ SIA (Social Impact Assessment) များကို မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိလိုပါကြောင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်ပါရှိသဖြင့် ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ ယခုအခါမှာဆိုရင် မြန်မာနိုင်ငံရဲ့ အပြုသဘောဆောင် ပြုပြင်ပြောင်းလဲမှု၊ မြန်မာနိုင်ငံတော်အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုများကို လက်ကမ်းကြိုဆိုမှု၊ မြန်မာ့လွှတ်တော်များရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ ဥပဒေများကို အတည်ပြုပေးခဲ့မှုများကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုများ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများ သိသိသာသာတိုးတက်လာတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ သတိထားဖို့ကတော့ ဒီရင်းနှီးမြှုပ်နှံမှုတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းရှိသလား၊ EIA ခေါ်တဲ့ (Environmental Impact Assessment) နဲ့ လူမှုရေးအခြေအနေများကို ထိခိုက်မှုဆန်းစစ်ခြင်းများ SIA (Social Impact Assessment) များကို မည်ကဲ့သို့ လုပ်ထားသလဲဆိုတာ ကျွန်တော်တို့ အများပြည်သူအကျိုးအတွက် သိရှိဖို့လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၁. ၄ ဘီလီယံခန့် ဝင်ခဲ့ပါတယ်။ ဒါပေမဲ့လို့ နောက်တစ်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ မှာ ကြည့်လို့ရှိရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ၄. ၁ ကျော်ကျော် ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ဒါဟာဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ထက် ၂၀၁၃-၂၀၁၄ မှာ သုံးဆလောက်တိုးပြီးတော့ ဝင်လာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့လွှတ်တော်များကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ဥပဒေတွေ ထုတ်တယ်။ အစိုးရကလည်း ရင်းနှီးမြှုပ်နှံမှုတွေ Welcome လုပ်တဲ့အတွက်ကြောင့် သိသိသာသာကြီး တိုးတက်လာတာ တွေ့ရပါတယ်။ သို့သော်လည်း ဒီလိုတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့အနေနဲ့ ဂရုစိုက်ရမှာကတော့ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က ဖြစ်ခဲ့ပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတစ်တွေကနေပြီးတော့ ကျွန်တော်တို့ EIA ခေါ်တဲ့ (Environmental Impact) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ၊ SIA ခေါ်တဲ့ Social လူမှုပတ်ဝန်းကျင်ထိခိုက်မှုတွေ ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော်တို့ ကြိုတင်မြော်တွေးပြီးတော့ ဒါတွေကို ကျွန်တော်တို့ အစီအမံများချပြီးတော့ ကျွန်တော်တို့ ကာကွယ်ထားဖို့လိုပါတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ဒီလိုဆောင်ရွက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အများပြည်သူများရဲ့အကျိုးငှာ မြန်မာနိုင်ငံတွင် လာရောက်သော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဒါတွေဟာဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုတွေ ကျန်ခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေပါပဲ။ ဒါဟာဆိုလို့ရှိရင် Pollution ပေါ့။ ရင်းနှီးမြှုပ်နှံမှုကနေ ထွက်လာတဲ့ အခိုးအငွေ့တွေကြောင့် လူတွေရဲ့ကျန်းမာရေးကို ထိခိုက်တဲ့အပိုင်း၊ သစ်တောပြုန်းတီးမှုအပိုင်း၊ သစ်တောတွေက တောင်ခေါင်းတုံးဖြစ်ကျန်ရစ်ခဲ့တဲ့အပိုင်းတွေပါ။ သစ်တောပြုန်းတီးမှုပါပဲ။ ဒါဟာဆိုလို့ ရှိရင်တော့ ခုနက ရင်းနှီးမြှုပ်နှံမှုတွေကြောင့် သဘာဝကို ထိခိုက်တယ်။ လူတွေကို ထိခိုက်နိုင်တဲ့အန္တရာယ်တွေ ကျွန်တော် Off Shore မှာ မီးလောင်မှုဖြစ်ပွားပြီးတော့ လူတွေ အများအပြားသေဆုံးတယ်။ အဲဒီကနေ ပြီးတော့ Oil Spill တွေဖြစ်ပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တဲ့အပိုင်းတွေပါ။ အများသိတဲ့အတိုင်းပဲ ပလတ်စတစ်တွေ၊ စက်မှုကထုတ်တဲ့ ပလတ်စတစ်တွေဟာ နေရာတကာမှာ ပစ်တဲ့အခါကျတော့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ကို အများကြီးထိခိုက်ပါတယ်။ Pollution ကိစ္စပါ။ ဒါကလည်း ကျွန်တော်တို့ သစ်တောတွေအားလုံး ပြုန်းတီးသွားတဲ့အပိုင်းတွေပါပဲ။ ဒါတွေဟာ ထိခိုက်တဲ့အပိုင်းပါပဲ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောချင်တာက ဒီလိုသဘာဝပတ်ဝန်းကျင်တွေကို ထိခိုက်မှုတွေ မဖြစ်အောင် ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ထားတယ်ဆိုတာကို အများပြည်သူ အကျိုးငှာ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီးတော့ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်ရဲ့ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှသော်လည်းကောင်း၊ ပြည်တွင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံကြတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့်သော်လည်းကောင်း၊ တိုင်းပြည်ရဲ့သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးအပေါ်မှာ မည်ကဲ့သို့ ထိရောက်မှုများကို မည်သည့်အစီအမံများဖြင့် စီမံထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိတယ်ဆိုတာကို သိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ MIC ကိုယ်စားလည်း ဖြစ်ပါတယ်။ ကျွန်တော့်ပင်မတာဝန်ဖြစ်တဲ့ ဝန်ကြီးဌာနရဲ့ကိုယ်စားလည်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်တို့လုပ်ထားတဲ့ အစီအမံများကို အများပြည်သူများ သိရှိအောင် လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ပါရန်အလို့ငှာ ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) နဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃) တို့နဲ့အညီ ခွင့်ပြုဆောင်ရွက်စေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးမှုနဲ့ လူမှုရေးအခြေအနေများကို ထိခိုက်မှုဆန်းစစ်ခြင်းတို့ လုပ်ငန်းစဉ်များကိုလည်းပဲ လုပ်ငန်းအနေအထားများနဲ့အညီ လိုက်နာဆောင်ရွက်ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ် - ၃၄ တွင် ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် သတ်မှတ်ထားသောလုပ်ငန်းများအတွက် အဆိုပြုချက်တင်သွင်းရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်းများကို ပူးတွဲတင်ပြရမည်ဟု ဒါ သတ်မှတ်ထားရှိပါတယ်။

ထို့အပြင် ဘာသာရပ်ဆိုင်ရာဌာနများမှ အဆိုပါကိစ္စအတွက် ပူးပေါင်းဆောင်ရွက်ပေးရမည့် အစီအမံအဖြစ်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အပိုဒ် - ၄၅ တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ လူမှုရေးထိခိုက်မှုများမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ လူမှုရေးထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်မည့် အစီအမံများအပေါ် စိစစ်ချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောထားမှတ်ချက်တောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သို့မဟုတ် ဝန်ကြီးမှ တာဝန်

ပေးအပ်သူမှ လက်မှတ်ရေးထိုးကာ အမြန်ဆုံးပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုအဖြစ် ကော်မရှင်သို့ ပြန်ကြားရမည်ဟု ဖော်ပြပါရှိပါတယ်။ အဆိုပါပြဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးမှု ဆန်းစစ်မှုများ ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ တွင် ပတ်ဝန်းကျင်ထိခိုက်မှုကို ဆန်းစစ်ချက်ရယူရန် လိုအပ်သော စီးပွားရေးလုပ်ငန်းအမျိုးအစားများကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ယင်းကြေညာချက်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေး လုပ်ငန်းအမျိုးအစား ၃၄ ခု သတ်မှတ်ထားရှိပြီးတော့ ရင်းနှီးမြှုပ်နှံမှုများသည် ထိုကဲ့သို့လုပ်ငန်းမျိုးကို လုပ်ကိုင်လိုကြောင်း အဆိုပြုလွှာများ တင်ပြလာပါက ၎င်းတို့၏ အဆိုပြုလွှာနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်မှုကို ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကို ဆန်းစစ်ခြင်းများ ပြုလုပ်ထားသော အစီရင်ခံစာများကိုပါ ပူးတွဲတင်ပြရန် လိုအပ်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အဆိုပြုလွှာများကို စိစစ်နိုင်ရန်အတွက် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနည်းဥပဒေ အပိုဒ် ၃၈ နှင့်အညီ အဆိုပြုချက်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးတော့ အပတ်စဉ် ကျင်းပပြုလုပ်သော ယင်းအဖွဲ့၏ အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး ပါဝင်ကာ အဆိုပါလုပ်ငန်းများနှင့် လျော်ညီစွာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ချက်ပြုလုပ်ရန် လိုအပ် သော လုပ်ငန်းများတွင် IEE လို့ခေါ်တဲ့ (Initial Environmental Examination) ကိုပြုလုပ်စေခြင်း၊ အဆိုပြုချက် လုပ်ငန်းနှင့် လျော်ညီစွာ EIA (Environmental Impact Assessment) အဆိုပြုလုပ်ငန်းကို ပြုလုပ်စေခြင်းနှင့် အဆိုပြုလုပ်ငန်းနှင့်လျော်ညီစွာ အနည်းဆုံး EMP (Environmental Management Plan) ပြုလုပ်စေခြင်း များကို ရင်းနှီးမြှုပ်နှံသူများ နားလည်ရန် ဆွေးနွေးပြောကြားရပါတယ်။

စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်ထုတ်ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများတွင် စီမံကိန်း စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတို့ကို ဆောင်ရွက်မည့် အစိုးရဌာန အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် မိမိ၏စီမံကိန်း စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနရဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလည်းကောင်း၊ အဆိုပြုလွှာ စိစစ်ရေးအဖွဲ့အစည်း အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့်အညီလည်းကောင်း ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်း အားလျော်စွာ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ အပ်နှံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များကို ပြုလုပ်ရမှာဖြစ်ပါတယ်။

ယင်းကဲ့သို့ ဆန်းစစ်ချက်များကို ပြုလုပ်ဆောင်ရွက်ပြီးပါက အစီရင်ခံစာပြုစု၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့စစ်ဆေးခံရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုယ်စား ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ရှိ၊ မရှိ အခြေအနေများကို လေ့လာ သုံးသပ်၍ အဆိုပြုလုပ်ငန်းမှ တင်ပြလာသော ဆောင်ရွက်မှုများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအနေဖြင့် ခွင့်ပြုသင့်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက် ပါက ခွင့်ပြုသင့်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း သဘောထားမှတ်ချက်များ ပြန်ကြားရပါတယ်။

အချို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များက တင်ပြလာသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ သတ်မှတ်ထားသော EIA Procedure များနှင့် ကိုက်ညီမှုမရှိပါက ရင်းနှီးမြှုပ်နှံသူသည် ယင်းဆန်းစစ်ချက်များကို ပြန်လည်၍ပြုလုပ်ရန် လိုအပ်ပါတယ်။ ကျေနပ်ဖွယ်ရာရှိမှသာလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ခွင့်ပြုသင့်သည့်အလုပ်အဖြစ် သဘောထားမှတ်ချက်များကို တရားဝင်ပြန်ကြားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) နှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပြလာသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်လုပ်ငန်းများနှင့် ၎င်းတို့၏အစီရင်ခံစာတင်ပြချက်များအပေါ်မှာ စဉ်ဆက်မပြတ် စိစစ်ပြန်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယင်းကဲ့သို့ ပတ်ဝန်းကျင်နဲ့ လူမှုရေးဆန်းစစ်ချက်ပြုလုပ်ဆောင်ရွက်မည့် အစီအစဉ်များနှင့်အတူ အဆိုပြုတင်ပြလာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမှာဖြစ်ပါတယ်။

လုပ်ငန်းစတင်ဆောင်ရွက်သည့်အခါ ယင်းကဲ့သို့ အစီရင်ခံစာများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူရသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအရာရှိများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျွမ်းကျင်အရာရှိများနှင့်အတူ စီမံကိန်းအကောင်အထည်မဖော်မီ (၁) ကြိမ်၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလအတွင်း (၁) ကြိမ်နှင့် စီးပွားဖြစ်လုပ်ငန်း စတင်အကောင်အထည်ဖော်သည့်ကာလတွင် (၁) ကြိမ် စုစုပေါင်း (၃) ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကဲ့သို့ စစ်ဆေးဆောင်ရွက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များအရ လိုက်နာရမည့် လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိကို သိရှိနိုင်မှာဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် စတင်ပြဋ္ဌာန်းသည့်အချိန်မှစ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအများဆုံးမှာ စက်မှုကဏ္ဍဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက်၏ ၇၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် ၃၈ ရာခိုင်နှုန်းခန့်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယင်းစက်မှုလုပ်ငန်းအများစုသည် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် တွေ့ရှိရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်ပျက်စီးစေနိုင်သော ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သဘာဝအရင်းအမြစ်ကို အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသည့်အခါ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များအပေါ် အထူးအလေးဂရုပြု ဆောင်ရွက်ထားပြီးတော့ စိစစ်ပြီးမှသာ ထောက်ခံတင်ပြမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) က ဦးညွန့်တင်ရဲ့မေးခွန်းနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်တွေဟာ အများပြည်သူသိရှိဖို့ သင့်တဲ့အတွက် အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့နဲ့ သတင်းစာများမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း၏မေးခွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဖြေကြားချက်များ

**မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဦးညဏ်လင်းက မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးညဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း ဖြစ်ပါတယ်။ ဂျပန် (ဒိုင်ဝါ) ကုမ္ပဏီနဲ့ ပူးပေါင်းပြီး မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မယ့် အခြေအနေကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်မှာဖြစ်ပြီး ရှယ်ယာများကို ၂၀၁၄ ခုနှစ်အတွင်း ရောင်းချပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဂျပန် (ဒိုင်ဝါ) ကုမ္ပဏီဟာ အရင်ကတည်းက မြန်မာနိုင်ငံမှာ လုပ်ကိုင်ခဲ့ဖူးပြီး လက်ရှိမှာလည်း စတော့အိတ်ချိန်းဈေးကွက်နဲ့ပတ်သက်၍ ကိုရီးယား၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှာ လုပ်ကိုင်နေတဲ့အတွက် မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ရွေးချယ်ခဲ့ခြင်းကို ကြိုဆိုပါတယ်။ မြန်မာစတော့အိတ်ချိန်းဈေးကွက်ကို ဂျပန် (ဒိုင်ဝါ) ကုမ္ပဏီအပြင် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ စတော့အိတ်ချိန်းအေဂျင်စီတို့ရဲ့ အကူအညီများဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ရှယ်ယာအများစုကို မြန်မာအစိုးရဘက်မှ ထည့်ဝင်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သိရှိရတဲ့အတွက် ပိုမိုခိုင်မာမှုများရှိမယ်လို့ မျှော်လင့်ပါတယ်။

စတော့အိတ်ချိန်းဈေးကွက်ဆိုတာ အရင်းအနှီးဈေးကွက်ရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်တယ်လို့ ယူဆပါတယ်။ စတော့အိတ်ချိန်း တည်ထောင်တာနဲ့ Capital Market တစ်ခုဖြစ်လာမှာ မဟုတ်ကြောင်း၊ စတော့အိတ်ချိန်းတည်ထောင်မှုနဲ့အတူ Security Exchange Commission - SEC ကို ဖွဲ့စည်းဖို့ လိုအပ်ပြီး SEC က စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ လုပ်ငန်းလိုင်စင်များ ချပေးရမှာဖြစ်ပါတယ်။ SEC စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ငန်းလိုင်စင် စတဲ့ အချက်များ ပြည့်စုံမှ Capital Market ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်ကို တက်လှမ်းနိုင်ဖို့ တည်ငြိမ်မှုရှိတဲ့ ဈေးကွက်စနစ်တစ်ခု ပေါ်ပေါက်လာရန် ခိုင်မာတဲ့ စတော့အိတ်ချိန်းတစ်ခု အမှန်လိုအပ်ကြောင်း ထင်မြင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူအများစုက စတော့အိတ်ချိန်း၊ အရင်းအနှီး၊ ဈေးကွက် စတဲ့ ဝေါဟာရများနဲ့ အကျွမ်းတဝင်မရှိကြပါဘူး။ သို့ဖြစ်ပါ၍ ပြည်သူများ သိရှိနိုင်ရေးအတွက် စတော့အိတ်ချိန်းရဲ့ သဘောသဘာဝ၊ ရည်ရွယ်ချက်၊ အောင်မြင်လျှင်ဖြစ်လာမယ့်အကျိုး၊ မအောင်မြင်လျှင် ဖြစ်လာမယ့်ဆိုးကျိုးများနဲ့ စတော့အိတ်ချိန်းဈေးကွက်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မယ့်

အခြေအနေကို ပြည်သူအများ သိရှိနိုင်ဖို့အတွက် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းရဲ့ မြန်မာစတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးမေးတဲ့ မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မေးခွန်းရှင်အနေနဲ့လည်း စတော့အိတ်ချိန်းအကြောင်းကို တော်တော်လေး တီးခေါက်မိတယ်ဆိုတာ မေးတဲ့မေးခွန်းကို နားထောင်ခြင်းအားဖြင့် သိရပါတယ်။ ရှင်းလင်းတင်ပြသွားတဲ့အခါမှာ (၃) ပိုင်း တင်ပြသွားပါမယ်။ ပထမပိုင်းအနေနဲ့ကတော့ Stock Exchange ဆိုတဲ့ ဝေါဟာရကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ Stock Exchange ဆိုတဲ့ ဝေါဟာရမှာ Stock ဆိုတဲ့ အင်္ဂလိပ်စကားပါပဲ။ Exchange ဆိုတဲ့ အင်္ဂလိပ်စကား နှစ်ခု ပေါင်းထားပါတယ်။ Stock ဆိုတာကတော့ Stock Share ဆိုတဲ့ အဓိပ္ပာယ်ကို ယူပါတယ်။ Stock Share ဆိုတဲ့ အဓိပ္ပာယ်ကလည်း ဥပဒေကြောင်းမှာတော့ ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုကို ရုပ်ဝတ္ထုပစ္စည်းလို သဘောထားပြီးတော့ အစိတ်အပိုင်းလေးတွေ ပိုင်းလိုက်ပါတယ်။ အဲဒီလိုအစိတ်အပိုင်းတွေ ပိုင်းပြီးတော့ အစိတ်အပိုင်းတစ်ပိုင်းကို ဒါ ရှယ်ယာတစ်ခုအနေနဲ့ သတ်မှတ်ပြီးတော့ ရှယ်ယာတစ်ခုဝယ်တဲ့သူဟာ ကုမ္ပဏီရဲ့ တစ်ပိုင်း၊ အစိတ်အပိုင်းတစ်ပိုင်းကို ပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လုပ်ထားတာဖြစ်ပါတယ်။

Exchange ဆိုတဲ့ စကားကတော့ သူ့မူရင်းစကားကတော့ အားလုံးသိတဲ့အတိုင်း လဲလှယ်ခြင်း ဖြစ်ပါတယ်။ သို့သော် ဒီလဲလှယ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို အခြေခံပြီးတော့ နိုင်ငံတကာမှာ အထူးသဖြင့် အင်္ဂလန်နိုင်ငံမှာ ဈေးကွက်ကြီးတွေ၊ Specialize အထူးပြုထားတဲ့ ဈေးကွက်ကြီးတွေကို သူက Exchange ဆိုတဲ့ စကားနဲ့ သုံးပါတယ်။ Market ရိုးရိုးလို့ မသုံးပါဘူးခင်ဗျား။ တကယ်တော့ Market ဆိုတာလည်း ကုန်စည်နဲ့ငွေ လဲလှယ်တဲ့နေရာဆိုတော့ အဲဒီ Market နဲ့ Exchange က အဓိပ္ပာယ်အတူတူပါပဲ။ အင်္ဂလန်နိုင်ငံမှာ ကုန်စည်တွေရောင်းတဲ့ဈေးကွက်ဆို Commodity Exchange ဆိုပြီး သုံးပါတယ်။ သတ္တုတွေ ရောင်းတဲ့ ဈေးကွက်ဆိုရင် ကြေးနီဆို ကြေးနီအိတ်ချိန်း၊ ကြေးဝါဆို ကြေးဝါအိတ်ချိန်း စသည်ဖြင့် အဲဒီလိုတွေ သုံးပါတယ်။ Stock တွေကို အရောင်းအဝယ်လုပ်တဲ့နေရာကိုတော့ Stock Exchange လို့ သုံးတာ ဖြစ်ပါတယ်။

အဲဒီတော့ စတော့အိတ်ချိန်းဆိုတဲ့ အဓိပ္ပာယ်သည် စတော့ရှယ်ယာများကို အရောင်းအဝယ်လုပ်တဲ့ နေရာ၊ စတော့ရှယ်ယာများကို အရောင်းအဝယ်လုပ်တဲ့ ဈေးကွက်ဆိုပြီးတော့ အဓိပ္ပာယ်ရပါတယ်ခင်ဗျား။ ဒါကတော့ စတော့အိတ်ချိန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းပြခြင်းဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ကတော့ စတော့အိတ်ချိန်းရဲ့ သမိုင်းနောက်ခံလေးကို အနည်းငယ်မျှ ကျွန်တော် တင်ပြလိုပါတယ်။ စတော့အိတ်ချိန်းရဲ့ သမိုင်းနောက်ခံဟာ အများပိုင်ကုမ္ပဏီတွေ ပေါ်ပေါက်လာတာနဲ့ ဆက်စပ်ပါတယ်ခင်ဗျား။ အများပိုင်ကုမ္ပဏီတွေဟာ (၁၈) ရာစုနှောင်းပိုင်းလောက်မှာ စပြီးတော့ပေါ်လာ ပါတယ်။ အရင်တုန်းကတော့ စီးပွားရေးလုပ်တယ်ဆိုတာ ကိုယ့်ငွေနဲ့ကိုယ်လုပ်တဲ့ သဘောပဲရှိပါတယ်။ နောက်ပိုင်းမှာကျတော့ ကိုယ့်ငွေနဲ့ကိုယ်မလုပ်ဘဲနဲ့ ငွေပိုငွေလျှံရှိတဲ့သူတွေဆီက ငွေတွေ တောင်းခံပြီးတော့

စီးပွားရေးလုပ်တဲ့ အများပိုင်ကုမ္ပဏီတွေ ပေါ်လာပါတယ်။ အများပိုင်ကုမ္ပဏီတွေ ပေါ်လာတဲ့အခါမှာ ပေါ်စ (၁၈) ရာစုနှောင်းပိုင်းလောက်မှာကတော့ ဘာစည်းကမ်းမှမရှိတဲ့အတွက်ကြောင့် အများပိုင်ကုမ္ပဏီ ထောင်မယ်၊ ဘာစီးပွားရေး လုပ်မယ်၊ ထည့်ကြပါဆိုပြီးတော့ သူတို့ရဲ့အစုရှယ်ယာတွေ လိုက်ရောင်းပါတယ်။ ရောင်းတော့ ဝယ်တဲ့သူတွေက ဝယ်ကြ၊ အဲဒီကုမ္ပဏီက လိမ်သွားတဲ့အခါမှာ အစုရှယ်ယာဝယ်ထားတဲ့သူတွေ နစ်နာမှုတွေ ဖြစ်ပါတယ်။ အထူးသဖြင့် ထင်ရှားတဲ့သာဓကတစ်ခုက အဲဒီ (၁၈) ရာစုနှစ်၊ ၁၇၁၁ ခုနှစ်လောက်မှာ South Sea Company တောင်ပင်လယ်ကုမ္ပဏီဆိုပြီးတော့ အများပိုင်ကုမ္ပဏီတစ်ခုကို အင်္ဂလန်မှာ ထောင်ပါတယ်။ ထောင်ပြီးတော့ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ တောင်အမေရိကတိုက်၊ South Sea ပေါ့၊ တောင်အမေရိကတိုက်၊ တောင်ဘက်သမုဒ္ဒရာပိုင်းမှာ ကူးသန်းရောင်းဝယ်မှုတွေ လုပ်မယ်။ အဲဒီဒေသက လည်းပဲ နယ်မြေသစ်ရှာဖွေတဲ့အချိန်ဖြစ်နေတော့ ရွှေတွေ၊ ကျောက်တွေ၊ စိန်တွေ ထွက်တယ်ပေါ့။ အဲဒီမှာ သွားပြီး ကူးသန်းရောင်းဝယ်မှုတွေ လုပ်မယ်။ ပိုက်ဆံတွေ ထည့်ကြပါဆိုပြီး ရှယ်ယာတွေ ထုတ်ရောင်းပါတယ်။ ရောင်းတော့ ဝယ်တဲ့သူတွေလည်း ဝယ်ကြပြီး နောက်ဆုံးကျတော့ ဘာမှမဖြစ်ဘဲနဲ့ အများပြည်သူတွေက လိမ်လည်ခြင်းကို ခံလိုက်ကြရပါတယ်။

ထို့အတူပဲ အဲဒီခေတ်တုန်းကတော့ Tulip ဆိုတဲ့ပန်းဟာ အနီရောင်ပဲ ရှိပါတယ်။ အခုခေတ်တော့ အမည်းရောင် ပေါ်ပါပြီခင်ဗျား။ အဲဒီအနီရောင်ရှိတဲ့အချိန်မှာ Black Tulip ပေါ့၊ အမည်းရောင်ကျူးလစ်ပန်းကို တီထွင်မယ်ဆိုပြီး ကုမ္ပဏီထောင်၊ အဲဒီလိုပဲ အများပြည်သူတွေဆီက ပိုက်ဆံတွေယူ၊ ယူပြီးတော့ နောက်ဆုံးတော့ ဘာမှမဖြစ်ဘဲနဲ့ လိမ်သွားတဲ့သာဓကတွေ အများကြီးဖြစ်လာပါတယ်။ အဲဒီလိုဖြစ်လာတဲ့ အတွက်ကြောင့် အများပိုင်ကုမ္ပဏီနဲ့ပတ်သက်ပြီးတော့ နောက်ပိုင်းမှာတော့ အများပိုင်ကုမ္ပဏီ တည်ထောင်မယ်ဆိုရင် အစိုးရရဲ့ ခွင့်ပြုချက်တွေ ယူရမယ်ဆိုတဲ့မူ ထွက်လာပါတယ်။ အဲဒီလို မူထွက်ရာကစပြီးတော့ အရင်တုန်းကတော့ ဒီကုမ္ပဏီတွေရဲ့ ရှယ်ယာတွေ အရောင်းအဝယ်လုပ်ရာမှာ အင်္ဂလန်နိုင်ငံမှာကတော့ Coffee House လို့ ခေါ်တဲ့ လက်ဖက်ရည်ဆိုင်ပေါ့၊ ကျွန်တော်တို့ ဗမာအခေါ်နဲ့ဆို ကော်ဖီဆိုင်တွေ၊ အဲဒီမှာ ဖြစ်ကတတ်ဆန်း လုပ်ကြတာပေါ့။ ခုန ဥပဒေထွက်ပြီးတဲ့နောက်ပိုင်းမှာတော့ အဲဒီလို ဖြစ်ကတတ်ဆန်းလုပ်ခွင့်မပေးဘဲနဲ့ စတော့အိတ်ချိန်းဆိုတဲ့နေရာမျိုးကို အစိုးရက သတ်မှတ်ပြီးတော့မှ အဲဒီမှာလာပြီးတော့ ကုမ္ပဏီတွေက ရှယ်ယာထုတ်ရောင်းချင်ရင်လည်းပဲ ရောင်းချင်တိုင်း ရောင်းလို့မရဘဲနဲ့ သတ်မှတ်တဲ့ စည်းကမ်းချက်တွေနဲ့အညီ ရောင်းရမယ်ဆိုတဲ့ ဥပဒေတွေ ချမှတ်ပြီး လုပ်လာရာကနေပြီးတော့ စတော့အိတ်ချိန်းဆိုတာ ပေါ်လာပါတယ်။

အဲဒီတော့ ကျွန်တော်တို့အရှေ့တိုင်းမှာ အိန္ဒိယရော၊ ဗမာပြည်ရော သိမ်းသွားဖူးတဲ့ အရှေ့အိန္ဒိယကုမ္ပဏီဆိုတာဟာလည်းပဲ ဥက္ကဋ္ဌကြီးတို့ သိတဲ့အတိုင်းပဲ အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အများပိုင်ကုမ္ပဏီကတော့ ဘုရင်မကြီးရဲ့အုပ်ချုပ်မှုနဲ့ ဘုရင်မရဲ့ Charter အရ ဖွဲ့ထားတာဖြစ်တဲ့ အများပိုင်ကုမ္ပဏီဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဟာ အဲဒီလိုခိုင်မာလာပါတယ်။ ဒါ အများပိုင်ကုမ္ပဏီနဲ့ပတ်သက်တဲ့ နောက်ခံသမိုင်းအကျဉ်းပါ။

ယနေ့ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အများပိုင် ဒီစတော့အိတ်ချိန်းကိစ္စကို ဆက်ပြီးတင်ပြသွားပါ့မယ်။ ၁၉၉၆ ခုနှစ်ကတည်းကစပြီးတော့ ဗမာပြည်မှာ စတော့အိတ်ချိန်း တည်ထောင်ဖို့ဆိုပြီးတော့ လုပ်ခဲ့ပါတယ်။ သို့သော် အဲဒီအချိန်တုန်းကတော့ အခြေအနေတွေ မပေးသေးတဲ့အတွက် ဘာမှမဖြစ်ခဲ့ပါဘူး။ သို့သော် ၂၀၁၃ ခုနှစ်မှာတော့ ဒီစတော့အိတ်ချိန်း တည်ထောင်ဖို့ ကြိုတင်ပြင်ဆင်ရေးကော်မတီဆိုတာကို ကျွန်တော့်ကို ဥက္ကဋ္ဌထားပြီးတော့ ဖွဲ့ပေးခဲ့ပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့ စတော့အိတ်ချိန်း၊ ရန်ကုန်စတော့အိတ်ချိန်းဆိုတဲ့ နာမည်နဲ့ ထောင်ဖို့ကို စပြီးတော့လုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အပိုင်းကြီး (၃) ပိုင်း ပိုင်းပြီးတော့ လုပ်သွားပါတယ်။ အပိုင်း (၃) ပိုင်းကို တစ်ပြိုင်နက်တည်း ကျွန်တော်တို့ လုပ်သွားပါတယ်။ အချိန်မရတဲ့အတွက်ကြောင့်၊ ပထမအပိုင်းက ဘာလဲဆိုလို့ရှိရင် ဒီစတော့အိတ်ချိန်းကို အုပ်ချုပ်မယ့် အဖွဲ့အစည်း၊ Regulatory Body ဖြစ်ပါတယ်။ အဲဒါကို တည်ထောင်တာ တစ်ပိုင်းလုပ်ပါတယ်။ ပြီးတော့မှ ဒီစတော့အိတ်ချိန်းဆိုတဲ့ ဈေးကြီးကို ထောင်ဖို့အတွက်က တစ်ပိုင်းလုပ်ပါတယ်။ နောက်တစ်ပိုင်းကတော့ ဒီစတော့အိတ်ချိန်းမှာ လာပြီးတော့ စတော့ရှယ်ယာတွေ၊ စတော့ဝေစုတွေ

ရောင်းမယ့် ကုမ္ပဏီတွေကို ပြင်ဆင်ပေးတဲ့အပိုင်းဆိုပြီး အပိုင်းကြီး (၃) ပိုင်း ခွဲပြီးတော့ ကျွန်တော်တို့ လုပ်ပါတယ်။

ပထမပိုင်းဖြစ်တဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်း (Regulatory Body) တည်ထောင်ဖို့အတွက်ကတော့ စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ ဥပဒေတွေပါ။ ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ခြင်း ဥပဒေဆိုတာကို မနှစ်က ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ နည်းဥပဒေများကိုလည်း ကျွန်တော်တို့ ရေးဆွဲပြီးဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးကို ပို့ထားပြီး ရှေ့နေချုပ်ရုံးက အတည်ပြုလို့ရှိရင် မကြာခင်မှာ ထုတ်ပြန်ဖို့ ရှိပါတယ်။ အဲဒီတော့ ဒီဥပဒေတွေ၊ နည်းဥပဒေတွေ ဆွဲတဲ့နေရာမှာတော့ ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီး ဌာနက ပညာရှင်များက ကျွန်တော်တို့ကို အကူအညီပေးပါတယ်။ အဲဒီဥပဒေအရဆိုလို့ရှိရင် ခုနက မေးခွန်းရှင် တင်ပြထားတဲ့ Security Exchange Commission လို့ ခေါ်တဲ့ ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးကို အုပ်ချုပ်မယ့် အဖွဲ့အစည်း၊ အဲဒါကို ကျွန်တော်တို့ ဖွဲ့ဖို့ရှိပါတယ်။ အဲဒီအဖွဲ့အစည်းဖွဲ့ဖို့ အတွက် အဆင်သင့်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ အထက်အဖွဲ့အစည်းတွေ တင်ပြပြီး ခွင့်ပြုချက်ရတာနဲ့ ကျွန်တော်တို့ ဒါကို ဖွဲ့သွားပါမယ်။ ဒါကတော့ ပထမပိုင်းဖြစ်တဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်းနဲ့ ဥပဒေပိုင်းကိစ္စ ဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ စတော့အိတ်ချိန်းကြီး တည်ထောင်ဖို့၊ ဒီစတော့တွေ ရောင်းချမယ့် ဈေးကြီး တည်ထောင်ဖို့ကိစ္စကတော့ ကျွန်တော်တို့နိုင်ငံတော်ပိုင်တဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ ဂျပန်နိုင်ငံမှာရှိတဲ့ ဒိုင်ဝါ၊ ခုန မေးခွန်းရှင်ကြီး တင်ပြသွားတဲ့ အဖွဲ့အစည်းဆိုတာ၊ ဒိုင်ဝါအဖွဲ့အစည်းဆိုတာကလည်း ၁၉၉၉ ခုနှစ်ကတည်းက ရောက်ပြီးတော့ ကျွန်တော်တို့ကို ဒီဟာနဲ့ပတ်သက်လို့ အကူအညီတွေပေးနေတဲ့ အဖွဲ့ အစည်းပါ။ အဲဒီအဖွဲ့အစည်းရယ်၊ ဂျပန်စတော့အိတ်ချိန်းဆိုတဲ့ အဖွဲ့အစည်းရယ်၊ အဲဒီနှစ်ခုပေါင်းနဲ့ ကျွန်တော်တို့နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်နဲ့က Joint Venture ဖွဲ့ဖို့ ရှိပါတယ်။ အဲဒီ Joint Venture နဲ့ပတ်သက်တဲ့ မူကြမ်းတွေလည်းပဲ၊ စာချုပ်မူကြမ်းတွေလည်းပဲ ကျွန်တော်တို့ စိစစ်ပြီးပြီဖြစ်ပါတယ်။ ရှေ့နေချုပ် ရုံးရဲ့ အတည်ပြုချက်ကိုလည်း ရရှိပြီးဖြစ်ပါတယ်။ အဲဒါကိုလည်းပဲ အထက်အဖွဲ့အစည်းတွေကို တင်ပြပြီးတော့ မကြာခင်မှာ ဒါကို တည်ထောင်ဖို့ရှိပါတယ်။ အဲဒီလိုတည်ထောင်တဲ့နေရာမှာတော့ ကျွန်တော်တို့ Paid-up Capital ပါ။ ကျွန်တော်တို့ ထည့်ဝင်ပြီး မတည်ရင်းနှီးငွေကတော့ မြန်မာငွေ (၃၂) ဘီလီယံ သတ်မှတ်ပါတယ်။ အဲဒီ (၃၂) ဘီလီယံမှာ ကျွန်တော်တို့အစိုးရပိုင်း မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ (၅၁) ရာခိုင်နှုန်း ယူမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ဂျပန်ကုမ္ပဏီနှစ်ခုကိုတော့ (၄၉) ရာခိုင်နှုန်း မျှပြီးပေးလိုက်မှာဖြစ်ပါတယ်။ အဲဒါကို လုပ်တဲ့နေရာမှာတော့ ခုန ဂျပန်နိုင်ငံရဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရော၊ စတော့အိတ်ချိန်းနဲ့ပတ်သက်တဲ့ ပညာရှင်တွေကရော ကျွန်တော်တို့ကို ဒါ ဆက်ပြီးတော့ အကူအညီပေးနေပါတယ်။

နောက် တတိယပိုင်းဖြစ်တဲ့ ဈေးကွက်ကို ပြင်ဆင်တဲ့အပိုင်း ဖြစ်ပါတယ်။ ဈေးကွက်ကို ပြင်ဆင်တဲ့ အပိုင်းဆိုတာ အခု ဗမာနိုင်ငံမှာ ဥက္ကဋ္ဌကြီးတို့ သိတဲ့အတိုင်းပါပဲ။ အများပိုင်ကုမ္ပဏီတွေ တအားကို ခေတ်စား လာပါတယ်။ အများပိုင်ကုမ္ပဏီတွေဟာ ကျွန်တော် မှတ်မိသလောက်ဆိုရင် ၂၀၁၃ ခုနှစ်ကနေ ဒီနှစ်အတွင်းမှာ (၂၀၀) ကျော်လောက် ဖြစ်သွားပါတယ်။ (၂၀၀) ကျော်လောက် ဖြစ်သွားပြီးတော့ ကျွန်တော်တို့နဲ့ တခြားနိုင်ငံ တွေရဲ့ အများပိုင်ကုမ္ပဏီ ကွာခြားတဲ့အချက်က တခြားနိုင်ငံတွေမှာ ကိုယ်ပိုင်ကုမ္ပဏီကို အရင်ထောင်ကြ ပါတယ်။ ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီး စီးပွားရေးလုပ်ပြလိုက်တယ်။ လုပ်ပြပြီး အောင်မြင်တော့မှ အများပိုင် ကုမ္ပဏီဆိုပြီးတော့ ရှယ်ယာတွေကို ထုတ်ရောင်းတာကို လုပ်ပါတယ်။ ဥပမာတစ်ရပ်အနေနဲ့ တင်ပြရရင် Face Book၊ Face Book ဟာ ပထမ ကိုယ်ပိုင်ကုမ္ပဏီအနေနဲ့ သူ နှစ်ပေါင်းများစွာလုပ်ပြီးတော့ အောင်မြင် သွားတော့မှ ပြီးခဲ့တဲ့နှစ်လောက်ကမှ သူ့ရဲ့ အစုရှယ်ယာတွေ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းပြီး အစုရှယ်ယာ တွေကို ထုတ်ရောင်းသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီက အများပိုင်ကုမ္ပဏီတွေကတော့ စထောင်တာနဲ့ အစုရှယ်ယာတွေ ထုတ်ရောင်းတဲ့အနေအထားတွေ ရှိပါတယ်။ ရှိတော့ ဒီဟာတွေကို ကျွန်တော်တို့က စတော့ အိတ်ချိန်း ထောင်တဲ့နေရာမှာ သူတို့ရဲ့ ရှယ်ယာတွေသည် စတော့အိတ်ချိန်းမှာ ရောင်း/ဝယ်ခွင့် ရဖို့အတွက် အရည်အသွေးတွေနဲ့ ပြည့်မီအောင် လုပ်ပေးတဲ့အပိုင်း ဖြစ်ပါတယ်။

ဒီစတော့အိတ်ချိန်းကတော့ အများပိုင်ကုမ္ပဏီတိုင်းရဲ့ ရှယ်ယာတွေကို တင်ပြီးတော့ ရောင်းပေးမှာ မဟုတ်ပါဘူး။ အများပိုင်ကုမ္ပဏီတွေထဲကမှ စိတ်ချယုံကြည်ရတဲ့ ကုမ္ပဏီတွေရဲ့ ရှယ်ယာများကိုသာ ရောင်းချပေးမှာ ဖြစ်ပါတယ်။ စိတ်ချယုံကြည်တယ်ဆိုတာကို ဘာနဲ့တိုင်းတာမှာလည်းဆိုလို့ရှိရင် နိုင်ငံတကာမှာကတော့ စတော့အိတ်ချိန်းတွေမှာ ဟို ကျွန်တော် အင်္ဂလိပ်စကားသုံးတာ ခွင့်ပြုပါ။ Criteria လို့ခေါ်တဲ့ စံနှုန်းတွေနဲ့ တိုင်းတာပါတယ်။ ဥပမာအားဖြင့် စတော့အိတ်ချိန်းမှာ လာပြီးတော့ စာရင်းတင်ပြီးတော့ ရောင်းမယ့်ကုမ္ပဏီမှာ Corporate Governance လို့ ခေါ်တဲ့ အုပ်ချုပ်မှုကောင်းရမယ်။ ပွင့်လင်းမြင်သာမှု (Transparency) ရှိရမယ်။ အခွန်အခတွေကို အကျေပေးပြီးဖြစ်ရမယ်။ နိုင်ငံတကာက လက်ခံထားတဲ့ စာရင်းအင်းနဲ့ပတ်သက်တဲ့ သဘောတရားတွေ သုံးရမယ်။ စသည်ဖြင့် အဲဒီစံနှုန်းတွေ သတ်မှတ်ပြီး အဲဒီစံနှုန်းနဲ့ညီတဲ့ ကုမ္ပဏီများကိုသာ အဲဒီစတော့အိတ်ချိန်းမှာ စာရင်းတင်ခွင့်ပြုပါတယ်။ အဲဒီစာရင်းတင်တာကိုတော့ သူတို့နိုင်ငံမှာ သုံးတာ Listed ဆိုတဲ့ စကားနဲ့ သူတို့ သုံးပါတယ်။ Listed လုပ်ခွင့်ပြုပါတယ်။ အဲဒီ Listed လုပ်ထားတဲ့ ကုမ္ပဏီရဲ့ ရှယ်ယာများကိုသာလျှင် ဒီက ရောင်းချပေးပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဆီမှာ အများပိုင်ကုမ္ပဏီ (၂၀၀) ပတ်ဝန်းကျင်ရှိနေပေမယ့် တကယ်ခိုင်မာတဲ့ ကုမ္ပဏီကတော့ နည်းပါတယ်။ နည်းတဲ့အခါမှာ အဲဒီခိုင်မာတဲ့ ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ စကားပြောပြီးတော့ သူတို့ကို ပိုပြီးတော့ စတော့အိတ်ချိန်းမှာ ရှယ်ယာထုတ်ရောင်းနိုင်လောက်တဲ့ အရည်အသွေးတွေနဲ့ ပြည့်မီလာအောင် ကျွန်တော်တို့ လုပ်ပေးနေပါတယ်။ လောလောဆယ်မှာတော့ ကုမ္ပဏီနှစ်ခုနဲ့ ကျွန်တော်တို့ MoU ထိုးပြီး လုပ်ပေးနေပါတယ်။ နောက်ထပ်လည်းပဲ ကျွန်တော်တို့ကုမ္ပဏီတွေ ရှိပြီးသားထဲက ခိုင်မာပြီးသား ထဲကမှ အခိုင်မာဆုံးဖြစ်တဲ့ ကုမ္ပဏီ ရွေးပြီးတော့ ကျွန်တော်တို့ထပ်ပြီးတော့ သူတို့ကို အရည်အသွေးတွေ ပြည့်မီအောင် ပြင်ဆင်ပေးနေပါတယ်။ ဆိုတော့ ဒါကတော့ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့အပိုင်း ဖြစ်ပါတယ်။ အားလုံး ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှာ ဒီစတော့အိတ်ချိန်းကြီး စတင်ပြီးတော့ လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ အဲဒီချိန်မှာစပြီးတော့ ကျွန်တော်တို့ ရှယ်ယာတွေ အရောင်းအဝယ်လုပ်ဖို့ ဖြစ်ပါတယ်။

စတင်လုပ်ဆောင်စမှာတော့ ကျွန်တော်တို့ ခိုင်မာတဲ့ကုမ္ပဏီ၊ အများပိုင်ကုမ္ပဏီ (၅) ခုလောက်နဲ့ပဲ စပါမယ်။ တချို့နိုင်ငံတွေမှာ (၂) ခုနဲ့ စတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ လာအိုနိုင်ငံဆို (၂) ခုနဲ့ စတယ်။ ဗီယက်နမ်ဆိုရင် (၃) ခုနဲ့ စတယ် စသဖြင့် အဲဒီလိုရှိတဲ့အတွက် ကျွန်တော်တို့ကတော့ လက်ရှိအခြေအနေက (၅) ခု၊ (၆) ခုလောက် ဒီပတ်ဝန်းကျင်လောက်နဲ့ စနိုင်တဲ့ အနေအထားမျိုးတွေ ရှိပါတယ်ခင်ဗျ။ စတော့အိတ်ချိန်း လုပ်မယ့်နေရာကတော့ ကုန်သည်လမ်းနဲ့ ဆူးလေလမ်းထောင့်မှာရှိတဲ့ ယခင်က Union Bank ပေါ့၊ ပြည်ထောင်စုဘဏ် အဆောက်အဦကြီးဖြစ်ပါတယ်။ အဲဒီအဆောက်အဦကြီးရဲ့ ပထမထပ်မှာ ကျွန်တော်တို့က စတော့အိတ်ချိန်းကို ဖွင့်မှာဖြစ်ပါတယ်။ အဲဒါအတွက်လည်း ကျွန်တော်တို့ အဲဒီအဆောက်အဦက ဗဟိုဘဏ်ပိုင်တဲ့အတွက် ဗဟိုဘဏ်ကလည်း ကျွန်တော်တို့ ငှားဖို့ရှိပါတယ်။ မြေညီထပ်ငှားပြီး ဒါကို ဆက်ပြီး လုပ်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခု မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အထဲမှာ အကျိုးအပြစ်တွေကို မေးထားပါတယ်ခင်ဗျား။ အကျိုးအနေနဲ့တော့ အများကြီးရပါတယ်။ နံပါတ် (၁) အကျိုးက ဘာတွေရသလဲမေးရင် ငွေပိုငွေလျှံရှိတဲ့ ပြည်သူတွေအနေနဲ့ သူတို့ငွေတွေကို ရင်းနှီးမြှုပ်နှံဖို့အတွက် နေရာရလာပါမယ်။ တစ်ဖက်ကလည်းပဲ ကုမ္ပဏီအနေနဲ့ ငွေလိုတဲ့အခါမှာ၊ လုပ်ငန်းတိုးချဲ့ဖို့ ငွေလိုတဲ့အခါမှာ ဘဏ်က ငွေချေးတယ်ဆိုလို့ရှိရင် ဒါက စရိတ်ကြီးပါတယ်ခင်ဗျား။ အတိုးက များပါတယ်။ အခု ဒီရှယ်ယာတွေ ထုတ်ရောင်းတဲ့အခါမှာ အတိုးရယ်လို့ ပေးစရာမရှိဘဲနဲ့ မြတ်တဲ့အခါမှသာ အမြတ်ဝေစုကို ခွဲပေးတာဖြစ်တဲ့အတွက် သူတို့အတွက်က ငွေရင်းရဖို့အတွက် သူတို့ကုမ္ပဏီဘက်ပိုင်းကလည်း ကောင်းပါတယ်။ ငွေရင်းတွေရမယ်ဆိုလို့ရှိရင် ကုမ္ပဏီအနေနဲ့ လုပ်ငန်းတွေ အများကြီးတိုးချဲ့သွားနိုင်ပါတယ်။ လုပ်ငန်းတိုးချဲ့မယ်ဆိုရင်လည်းပဲ အလုပ်အကိုင်ရရှိရေးဆိုတဲ့ အကျိုးတရားကို ကျွန်တော်တို့ ရသွားပါမယ်။ ခြုံပြီးပြောရမယ်ဆိုလို့ရှိရင်တော့ နိုင်ငံတော်ရဲ့ စီးပွားရေးအဆောက်အဦကြီးတစ်ခုလုံး တိုးတက်ဖို့အတွက် အထောက်အကူဖြစ်ပါတယ်။

အပြစ်အနေနဲ့ကတော့ ဒါကို ကျွန်တော်တို့ မလုပ်ဘူးဆိုရင် ခုနကပြောတဲ့ အကျိုးတရားတွေ လုံးဝ ရမှာမဟုတ်ပါဘူး။ ဒီထက်ဆိုးတဲ့အချက်ကတော့ ရင်းနှီးမြှုပ်နှံချင်တဲ့ အများပြည်သူတွေကို မသမာသူတွေက အများပိုင်ကုမ္ပဏီဆိုတာကို ဗန်းပြပြီးတော့ ငွေတွေ လိမ်သွားမယ့်အဖြစ်မျိုးတွေ ရှိပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းမှာ မကြာသေးမီကပဲ မကြာသေးမီဆိုတာ ကြာတော့ ကြာသွားပါပြီ။ အရင်အစိုးရလက်ထက်မှာ ကျွန်တော်တို့ ငွေစုငွေချေးအသင်းဆိုတဲ့ နာမည်တွေနဲ့ လုပ်သွားဖူးတော့ ခါးစည်းခံလိုက်ရတဲ့ သာဓကတွေလည်း ရှိပါတယ်။ အဲဒါကတော့ အကြီးဆုံးဆိုးကျိုးဖြစ်ပါတယ်။ တခြားတော့ တင်ပြစရာမရှိပါဘူး။ တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မေးခွန်းမေးပေးတဲ့ မေးခွန်းရှင်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးညဏ်လင်းရဲ့မေးခွန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းရဲ့ အဖြေက အများပြည်သူ သိရှိသင့်တဲ့အတွက် မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့နဲ့ သတင်းစာများမှာ ဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက် )

### ဘဏ္ဍာငွေကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေများအား စနစ်တကျသုံးစွဲနိုင်ရန်နှင့် လစဉ်ငွေစာရင်းသုံးစွဲမှုများအပေါ် စစ်ဆေးလမ်းညွှန်မှုပြုနိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ဘဏ္ဍာငွေကြီးကြပ်ရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်အေး | ကော်မရှင်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းကြည် | ကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းကို | ကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (ဃ) | ဦးတင်ထွန်း | ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (င) | ဦးဝင်းဦးခိုင် | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ အထက်ဖော်ပြပါ ဘဏ္ဍာငွေကြီးကြပ်ရေးကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဘဏ္ဍာငွေစာရင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကော်မရှင်၊ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ သာမန်အသုံးစရိတ်စာရင်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းများ ပြုစုခြင်းဆိုင်ရာကိစ္စရပ်များ၊

(ခ) ဘဏ္ဍာရေးနှစ်အလိုက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား သက်ဆိုင်ရာဌာနများမှတစ်ဆင့် တင်ပြတောင်းခံခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဂ) ကော်မရှင်နှင့် ကော်မရှင်ရုံးတို့၏ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများအား ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲနိုင်ရေး ကြီးကြပ်လမ်းညွှန်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) လက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများအား သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အလိုက် ခွဲဝေချထားပေးခြင်းဆိုင်ရာများ၊

(င) ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေမှ ဝယ်ယူရမည့်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရေး ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအဖွဲ့ခွဲရုံးများသို့ ခွင့်ပြုရန်ပုံငွေများ ခွဲဝေချထား၍ ဝယ်ယူစေခြင်း၊

(စ) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလိုအပ်ချက်အရ ဖြစ်ပေါ်လာသည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ရန်ပုံငွေများ တောင်းခံနိုင်ရေး စီမံဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဆ) ဗဟိုရုံးနှင့် ရုံးခွဲများ၏ လစဉ်/၃ လပတ် သုံးစွဲရန် လျာထားသောငွေစာရင်းများနှင့် သုံးစွဲခဲ့သောအသုံးစရိတ်ငွေစာရင်းများအား စစ်ဆေးခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုခြင်း။

၃။ ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ အခြားဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရသောလုပ်ငန်းများတွင် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၄**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူး ခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့စွဲပါ စာအမှတ်၊ ၁၀/၁၂၃-ကူးပြောင်း/အဖရ (၂၀၁၄) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာနမှ မန်နေဂျာ ဒေါ်ဖြူသွဲ့သွဲ့အောင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးလစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၄

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သံတမန်ရေးရာဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက် )

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်အရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လက်ထောက်စစ်ဥပဒေချုပ် ကြည်း ၁၉၆၈၈ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်လွင်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ကိုယ်ရံတော်အရာရှိအဖြစ် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

# အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဝန်ကြီးဌာန၊ သံချပ်ကာပြင်ဆင်ရေးပင်မအလုပ်ရုံမှ ဒုတိယဗိုလ်မှူးကြီးရဲမြင့် (ကြည်း ၂၀၁၀၉) အား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၊ ရေးရာကော်မတီများ၊ ကော်မရှင်နှင့် အဖွဲ့များဌာနတွင် ညွှန်ကြားရေးမှူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်သန်းထိုက် (ကြည်း ၂၄၁၉၂) အား အမျိုးသားလွှတ်တော်ရုံး၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးတွင် ညွှန်ကြားရေးမှူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲမှ ဦးဝင်းထူး (ကိုယ်ပိုင်အမှတ် ၃၇၃၆) အား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၊ ပြည်သူ့ငွေစာရင်းကော်မတီတွင် ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၄

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဝန်ကြီးဌာန၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) မှ ဗိုလ်မှူးမင်းဇော်ဦး (ကြည်း ၃၃၀၉၀) အား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက် )

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲဌာန၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်နွယ်အား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဩဂုတ်လ ၅ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို အများပြည်သူအကျိုးငှာ မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်များအရ ငြင်းပယ်လိုက်သည်။

၂။ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်နွယ်အား ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်နွယ်အား သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၇၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၁ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်၊ အကွက်အမှတ်/အမည် - ၇/ချီးမြင့်ကုန်း၊ ဦးပိုင်အမှတ် (၆) မှ ဧရိယာ (၁. ၉၀၃) ဧက၊ ဦးပိုင်အမှတ် (၆-က) မှ ဧရိယာ (၀. ၆၁၃) ဧက၊ ဦးပိုင်အမှတ် (၆-ခ) မှ ဧရိယာ (၀. ၁၉၆) ဧက၊ စုစုပေါင်းမြေဧရိယာ **(၂. ၇၁၂) ဧက**အား **“ဖောင်တော်ဦးဆုတောင်းပြည့်စေတီတော်”** မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့ဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက် )

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ကွင်းအမှတ် - (ကွင်းပြင်ပ)၊ ဦးပိုင်အမှတ် - (N - ၁) ရှိ ဧရိယာ (၈. ၁၄) ဧကအား **“ဆွမ်မီ**

**ဘုန်းတော်ကြီးကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၀/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် )

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၂၅/ဘန့်ဘုံမြောက်)၊ မြေကွက်အမှတ် (၁၃၂)၊ **မြေဧရိယာ (၄. ၂၀) ဧက**ရှိမြေအား **မှန်တောင်တောရကျောင်းတိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၃၉ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား မိမိတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရရှိသည့် စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မြင့်အေး (ခ)<br>ဒေါ်အမာကြင် (၁၃၉၈) | ချောင်းဦး | ဟုမ္မလင်း |
| ၂။ | ဒေါ်လဲ့လဲ့အေး (၅၄၂၄) | ဝမ်းတွင်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃။ | ဒေါ်ကျင်ကျင်သန်း (၄၈၁၃) | ဖျာပုံခရိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

အမှတ် ၇၁ ။ ။ နေပြည်တော်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်ဝင်းမြင့်ဦး (၃၅၆၂) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ စာရင်းစစ်အရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်အပ်လိုက်သည်။

ဤရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၅၁၊ အမှတ်စဉ် (၁၈) ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် ( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ရတနာအရင်းအမြစ်များ ကုမ္ပဏီလီမိတက်**

**(Gem Sources Company Limited)**

အထက်ဖော်ပြပါ **ရတနာအရင်းအမြစ်များ ကုမ္ပဏီလီမိတက် (Gem Sources Company Limited)** ၏ အစုရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးကို ၂၅-၆-၂၀၁၄ ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် Myanmar Info-Tech ပင်မဆောင်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ၍ အောက်ပါအထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည် -

၁။ ကုမ္ပဏီအား အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ရှိသော "ဝင်းသင်နှင့်အဖွဲ့ လီမိတက်" မှ Associate Partner ဖြစ်သူ ဒေါ်စိုးစိုးဌေး (ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အာဏာလွှဲအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား
ဦးအောင်ဇော်မြင့်
မန်နေးဂျင်းဒါရိုက်တာ
ရတနာအရင်းအမြစ်များ ကုမ္ပဏီလီမိတက်

Daw Soe Soe Htay
Liquidator
Gem Sources Co., Ltd.

## ရတနာအရင်းအမြစ်များ ကုမ္ပဏီလီမိတက်
## (Gem Sources Company Limited)

(အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

မြီရှင်များအား ကြွေးမြီတောင်းခံရန် နှိုးဆော်လွှာ

အထက်ပါကုမ္ပဏီမှ ကြွေးရရန်ရှိသူများသည် ကြွေးမြီနှင့်ပတ်သက်သည့် ခိုင်လုံသော အထောက်အထားများ တင်ပြ၍ အောက်တွင် ဖော်ပြထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တောင်းခံရမည့် နောက်ဆုံးနေ့ရက်အား ၄-၈-၂၀၁၄ ဟု သတ်မှတ်ပါသည်။ ထိုသို့တောင်းခံခြင်းမပြုပါက မြီရှင်များအား ကြွေးမြီပေးရန်ရှိစာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူအားလုံးသည် ကြွေးမြီစာရင်းအသေးစိတ်ကို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အောက်တွင် ဖော်ပြထားသောလိပ်စာသို့ လာရောက်၍ တင်ပြတောင်းခံရန် နှိုးဆော်ပါသည်။

ဒေါ်စိုးစိုးငွေ
(ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊
ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Onward Marine Management Co., Ltd ကို**

ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **Onward Marine Management Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၄-၆-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်ဝင်း B.A., H.G.P., R.L., D.B.L., D.I.L., D.M.L., P.G.D.I.T (New Delhi) ; D.Jap; M.P.A., M.A (B.L) အား ခန့်အပ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးခင်ဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

ကပ္ပတိန် မိုးဇော်ထွန်း
Managing Director
Onward Marine Management Co., Ltd

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (ဂ) အရ
**Aung Htet Lin Co., Ltd ကို**
ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **Aung Htet Lin Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၄-၆-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်ဝင်း B.A., H.G.P., R.L., D.B.L., D.I.L., D.M.L., P.G.D.I.T (New Delhi) ; D.Jap; M.P.A., M.A (B.L) အား ခန့်အပ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးခင်ဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

U Yeo Eng Kyu (ခ) ဦးမြင့်စိုး
Managing Director
Aung Htet Lin Co., Ltd

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap; M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ခန့်ညားထည်ဝါပြည်မြန်မာ ခရီးသွားလာရေးကုမ္ပဏီလီမိတက်**
**GORGEOUS MYANMAR TRAVELS & TOURS CO., LTD.**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ခန့်ညားထည်ဝါပြည်မြန်မာ ခရီးသွားလာရေးကုမ္ပဏီလီမိတက် (GORGEOUS MYANMAR TRAVELS & TOURS CO., LTD.)** အား (၂၆-၆-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မျိုးမျိုးဝင်း
Managing Director
GORGEOUS MYANMAR
TRAVELS & TOURS Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၀၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ဆုလာဘ်ရတနာ အထည်ချုပ်ကုမ္ပဏီလီမိတက်
## SU LAT YADANAR GARMENT CO., LTD.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဆုလာဘ်ရတနာ အထည်ချုပ်ကုမ္ပဏီလီမိတက် (SU LAT YADANAR GARMENT CO., LTD.)** အား (၂၆-၆-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မီမီထက်ခိုင်
Managing Director
SU LAT YADANAR
GARMENT CO., LTD.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ရွှေနဂါးမင်း ကျောက်မျက်နှင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
ဖျက်သိမ်းရန် ကြေညာချက်

၁။ **ရွှေနဂါးမင်း ကျောက်မျက်နှင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၆-၂၀၁၄) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ် - ၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၂၄-၇-၂၀၁၄) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးသူရိန်
အုပ်ချုပ်မှုဒါရိုက်တာ
ရွှေနဂါးမင်း ကျောက်မျက်နှင့်ကျောက်မျက်ရတနာ
ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
အမှတ် (၂၆၃)၊ ဒုတိယထပ် (ဝဲ)၊ လမ်း ၄၀၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၇-၆-၂၀၁၄။